# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်
## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၃) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၄၀၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၃.၉၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဥ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ၂၄-၇-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ရှိပြီး ယခင် ခွင့်ပန်ကြားထားသူ ၁၈ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၈ ဦးရှိပြီး စုစုပေါင်း ကိုယ်စားလှယ် ၂၆ ဦးခွင့်တောင်းခံထားပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၈ ဦးမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းသည် နေမကောင်းပါသဖြင့် ၂၄-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၂) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင်သည် နေမကောင်းပါသဖြင့် ၂၄-၇-၂၀၁၂ ရက်နေ့မှ ၂၅-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၃) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်းသည် နေမကောင်းပါသဖြင့် ၂၄-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၄) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင်သည် နေမကောင်းပါသဖြင့် ၂၄-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၅) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်သည် နေမကောင်းပါသဖြင် ၂၄-၇-၂၀၁၂ ရက်နေ့မှ ၂၅-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၆) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်းသည် ပါရဂူကျမ်းအတွက် စာတမ်းဖတ်ရန်ရှိပါသဖြင့် ၂၄-၇-၂၀၁၂ ရက်နေ့မှ ၂၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၄ ရက်အဖြစ်လည်းကောင်း၊

(၇) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၄-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၈) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦးသည် နေမကောင်းပါသဖြင့် ၂၄-၇-၂၀၁၂ ရက် နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း အသီးသီးတင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ဆန်စပါးဈေးကွက် တည်ငြိမ်ရေး၊ ဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာရေးနှင့် ဓာတ်မြေသြဇာများတွင် ဓာတ်အားစစ်ဆေး ဆောင်ရွက်ရန်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆန်စပါးဈေးကွက် တည်ငြိမ်ရေးနှင့် ဓာတ်မြေသြဇာ ဈေးနှုန်းသက်သာရေး၊ ဓာတ်မြေသြဇာများ ဓာတ်ပစ္စည်း အချိုးကျ ပါဝင်နေခြင်းနှင့်ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၇၀ ရာခိုင်နှုန်းကျော်မှာ တောင်သူလယ်

သမားမိသားစုများ ဖြစ်ပါတယ်ခင်ဗျား။ ကျေးလက်နေ တောင်သူလယ်သမား မိသားစုဝင်များသည် ဝင်ငွေတိုးမြှင့်လာလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ မြင့်မားလာလေဖြစ်ပါတယ်။ လူအများစုဖြစ်သော တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရာ ရောက်မည်ဖြစ်ပါတယ်။ သို့သော်လည်း တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သော ကောက်ပဲသီးနှံများမှာ အာမခံချက်မရှိသော ဈေးနှုန်းတည်ငြိမ်မှုမရှိခြင်းတို့ကြောင့် ဒီနေ့လယ်သမားမိသားစုများရဲ့ဘဝမှာ ဟိုအကြွေးယူ၊ ဒီအတိုးဆပ်နှင့် ဘဝမှာ မပြေလည်မှုများ ချာချာလည်နေရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ လယ်သမားများသည် မိမိစိုက်ပျိုးသော မိုးစပါး တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ တင်း ၅၀ သာ ထွက်ရှိကြောင်း၊ တစ်ဧက၏ ထုတ်လုပ်မှုစရိတ်မှာ ၁၄၀၀၀၀ မှ ၁၅၀၀၀၀ အထိ ရှိနေပါကြောင်း၊ စပါးဈေးတင်း ၁၀၀ လျှင် ၃ သိန်းသာ ရရှိပါက တစ်ဧက အပေါ် အမြတ်မရှိခဲ့ပါကြောင်း တစ်ဧက ၇၀ တင်းမှ ထွက်ခဲ့တယ်ဆိုလျှင်တော့ တစ်ဧက၏ အမြတ်ခံစားမှုမှာ ၆၀၀၀၀ ခန့်သာ အကျိုးခံစားရမည် ဖြစ်ပါတယ်။ အလုပ်လုပ်ချိန်မှာ လယ်သမားများရဲ့ လုပ်ရတဲ့ကာလဟာ ၆ လကျော်ကာလဖြစ်သဖြင့် မိသားစုရဲ့စားရေး၊ ဝတ်ရေး၊ ပညာရေးတို့အတွက် စီးပွားရေးတွက်ခြေမကိုက်သောကြောင့် အကြွေးသံသရာမှာ လည်နေရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စပါးပေါ်ချိန်တွင် စပါးဈေးများ အနှိမ်ခံရခြင်းတို့ကြောင့် ကြွေးယူသူကိစ္စ၊ အတိုးပေးရတဲ့ကိစ္စများမှာ အဆင်မပြေဖြစ်နေကြရပါတယ်။ စပါးဈေးကောင်းသည့်အချိန်၌ လယ်သမားလက်တွင် စပါးများ မရှိတော့ပါ။ သို့ဖြစ်ပါ၍ လယ်သမားများ စပါးပေါ်ချိန်မှာ အရှုံးမပေါ်သော စပါးဈေးတည်ငြိမ်မှုဖြစ်ဖို့ လိုအပ်လျက်ရှိနေပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများသည် စိုက်ပျိုးရေးလုပ်ငန်းတွင် ယူရီးယားဓာတ်မြေဩဇာများ၊ တီဆူပါ၊ ပိုတက်၊ ကွန်ပေါင်းမြေဩဇာများကို ဝယ်ယူသုံးစွဲလျက်ရှိနေ ကြပါတယ်။ ဒေါ်လာဈေးတက်တယ်ဆိုပြီး နိုင်ငံခြားမှတင်သွင်းသော မြေဩဇာ ကာတာတစ်အိတ်လျှင် ၂၁၀၀၀ ကျပ် ရောင်းခဲ့ပါကြောင်း ဒေါ်လာဈေးကျသော်လည်း ဈေးနှုန်းမကျဘဲ ဈေးကြီးပေး ဝယ်ယူသုံးစွဲနေရခြင်း ဖြစ်ပါတယ်။ လယ်သမားများ၏ စပါးဈေးနှုန်းကို ထိန်းမည်ဆိုလျှင် တစ်ဖက်မှ သွင်းအားစုများကိုလည်း ထိန်းညှိပေးမှသာ လယ်သမားများအတွက် အရှုံးပေါ်ပေါက်မှုများကို သက်သာစေမည်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်သမားများ ဝယ်ယူသုံးစွဲလျက်ရှိတဲ့ ယူရီးယား ဓာတ်မြေဩဇာများ၊ တီဆူပါမြေဩဇာများ၊ ပိုတက်မြေဩဇာများတွင် ယူရီးယားမြေဩဇာ၌ နိုက်ထရိုဂျင်ပါဝင်မှုမှာ ၄၀ ရာခိုင်နှုန်းရှိခြင်း၊ တီဆူပါမြေဩဇာများတွင် ဖော့စဖရိပ်စ်ဓာတ်

ပါဝင်မှုမှာ ၄၀ ရာခိုင်နှုန်းရှိခြင်း၊ ပိုတက်ပါဝင်မှုနှုန်းများမှာ နိုင်ငံတော်အစိုးရ၏ ထုတ်လုပ်လျက်ရှိသော ဓာတ်မြေဩဇာများ အသုံးပြုရာ၌ ရက်ပေါင်း ၂၀ မှ ၃၀ အထိ အရောင်းမကျဘဲ ကောင်းလျက်ရှိနေပါကြောင်း ဈေးကြီးပေးဝယ်သော နိုင်ငံခြားမှတင်သွင်းသည့် ဓာတ်မြေဩဇာများသည် ၇ ရက်သို့မဟုတ် ၁၀ ရက်အထိသာ အရောင်ပြောင်းသွားခြင်းကြောင့် ဓာတ်မြေဩဇာအိတ်များတွင် ဓာတ်ပစ္စည်းပါဝင်မှုအချိုး မှန်ကန်စေရန်အတွက် စစ်ဆေးကြီးကြပ်မှုများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများရဲ့အကျိုးကို ရည်ရွယ်လျက် အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါသည်။ မေးခွန်း(၁) လယ်သမားများစိုက်ပျိုးသော ဆန်စပါးဈေးကွက်များပြည်တွင်းဈေးနှုန်း တည်ငြိမ်ရေးနှင့် ဈေးကောင်းရရှိရေးအတွက် ဈေးကွက်ရှာရန် အစီအစဉ်ရှိ၊ မရှိသိလိုပါသည်။ အစီအစဉ်ရှိပါက ဘယ်လိုရှာထားကြောင်း သိရှိလိုပါသည်။ မေးခွန်း(၂) လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် လယ်သမားများ ဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်မြေဩဇာ ဈေးနှုန်းသက်သာစေရန်အတွက် မည်သို့ ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါသည်။ အစီအစဉ် ရှိပါကဘယ်လိုဆောင်ရွက်ထားကြောင်း သိရှိလိုပါသည်။ မေးခွန်း(၃) လယ်သမားများ ဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်မြေဩဇာများတွင် နိုက်ထရိုဂျင်၊ ဖော့စဖရိပ်စ်၊ ပိုတက်ပါဝင်မှု ဓာတ်အားများ စစ်ဆေးဆောင်ရွက်မှု အစီအစဉ်ရှိ၊ မရှိ။ အစီအစဉ်ရှိပါက မည်သို့ဆောင်ရွက်ထားကြောင်း သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၏ ဆန်စပါးဈေးကွက်၊ ဓာတ်မြေဩဇာဈေးနှုန်းနှင့် ဓာတ်မြေဩဇာများကို ဓာတ်ခွဲစစ်ဆေးမှုတို့နှင့်စပ်လျဉ်းသည့် မေးခွန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ဖြေကြားချက်များနှင့် ပေါင်းစပ်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လယ်သမားစိုက်ပျိုးသော ဆန်စပါးဈေးကွက်ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေးနှင့် ဈေးကောင်းရရှိရေးအတွက် ဈေးကွက်ရှာရန် အစီအစဉ် ရှိ၊ မရှိမေးမြန်းချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှာ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ မိုးစပါးဧက ၁၆.၁၃၄ သန်း၊

နွေစပါးဧက ၂.၆၃ သန်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စပါးစိုက်ပျိုးရာမှာ ရေမြေသဘာဝ အခြေခံအရ ရေတော်မိုးတော်၊ ရေကြီးကွင်း၊ ရေနက်ကွင်း၊ သဲဆန်ကုန်းကြော၊ ပင်လယ်ရေငန်ဝင်၊ တောင်ယာ စသည် ခွဲခြား၍ မိုးစပါးကို စိုက်ပျိုးလျက်ရှိရာ ရေမြေသဘာဝအရ အထွက်ကောင်းမျိုး၊ အဆင့်မြင့်မျိုး၊ စပ်မျိုး၊ ဒေသမျိုးဟူ၍ ခွဲခြားစိုက်ပျိုးလျက်ရှိပါတယ်။ ထိုသို့ စိုက်ပျိုးရာတွင် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသည့် ပေါ်ဆန်း၊ ဧရာမင်း၊ ဆင်းသွယ်လတ်၊ မှော်ဘီ(၂)၊ ဆင်းဧကရီ(၃) နှင့် ပုလဲသွယ်စပ်မျိုး စပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေတွင် မိမိနိုင်ငံ၏ ဆန်အရည်အသွေးပိုင်း အားနည်းချက်ကြောင့် အခြားနိုင်ငံများမှ ရရှိသည့်ဈေးနှုန်းထက် ဒေါ်လာ ၃၀ မှ ၈၀ အထိ လျော့နည်းလျက်ရှိပါတယ်။ မြန်မာ့ဆန်ဖြူ ၂၅ ရာခိုင်နှုန်း တစ်တန်ကို ဒေါ်လာ ၃၃၀-၃၄၀ ခန့်သာ ရရှိနေချိန်တွင် ဗီယက်နမ် ၂၅ ရာခိုင်နှုန်းသည် ဒေါ်လာ ၃၇၅၊ ပါကစ္စတန် ၂၅ ရာခိုင်နှုန်း ဆန်သည်ဒေါ်လာ ၄၁၀ နှင့် အိန္ဒိယ ၂၅ ရာခိုင်နှုန်းသည် ဒေါ်လာ ၃၇၀ ဈေးနှုန်းအထိ ရရှိလျက်ရှိပါသည်။ သို့ဖြစ်၍ ပြည်ပဆန်ဈေးများ၏ ဈေးနှုန်းနှင့် ယှဉ်ပြိုင်ရောင်းချနိုင်သည့် အရည်အသွေးကောင်းမျိုးများ စိုက်ပျိုးထုတ်လုပ်မှုကို ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံသည် ယခင်က ဘာစမာတီ ဆန်မဟုတ်တဲ့ အခြားဆန်တွေကို ပြည်ပသို့ တင်ပို့ ရောင်းချခွင့်ပိတ်ပင်ထားရာမှ ပြည်တွင်းစားနပ်ရိက္ခာသီးနှံများ သိုလှောင်မှုမြင့်မားလာသဖြင့် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် အခြားဆန်တန်ချိန် ၁ သန်းကို ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုခဲ့သည့်အပြင် နောက်ထပ်တန်ချိန် ၁ သန်းကိုလည်း တင်ပို့ရောင်းချခွင့်ပြုခဲ့သဖြင့် ကမ္ဘာ့ဆန်ဈေးနှုန်းများ ကျဆင်းခဲ့ပါတယ်။ ဤသို့ ကျဆင်းမှုနှင့်အတူ မြန်မာနိုင်ငံ၏ ဆန်စပါးဈေးနှုန်းမှာလည်း ကျဆင်းမှု ဖြစ်ပေါ်ခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်ရေး စခန်းအသီးသီးမှ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ထွက်ရှိသော ဆန်စပါးများအား အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့လျက်ရှိပါတယ်။ ယင်းသို့ နယ်စပ်ကုန်သွယ်ရေး စခန်းအသီးသီးမှ အိမ်နီးချင်းနိုင်ငံများသို့ ဆန်တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ တင်ပို့ခြင်းထက် ဈေးနှုန်းပိုမိုရရှိခြင်း၊ တစ်ဖက်နိုင်ငံ Buyer လက်သို့ အချိန်မီတင်ပို့နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိပြီး မိမိနိုင်ငံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ မိမိနိုင်ငံအတွင်း ပို့ကုန်တင်ပို့ရောင်းချသည့် ကုမ္ပဏီများအတွက် ပိုမိုအကျိုးအမြတ်ဖြစ်ထွန်းမှုကြောင့် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၂ခုနှစ်၊ မေလအထိ ဆန်တန်ချိန် ၂၁၃၇၆၂ တန်၊ စပါး ၃၀၅၇.၆ တန် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ရာမှာ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသောဈေး၊ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ခန့်ရှိနေရာ နယ်စပ်မှ

တင်ပို့ဈေးနှုန်းဟာ အမေရိကန်ဒေါ်လာ ၄၃၀ မှ ၄၈၀ ခန့်ထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နယ်စပ်စခန်းမှ တင်ပို့ခွင့်ပြုရာတွင် ပို့ကုန်လိုင်စင်စနစ် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် နယ်စပ်စခန်းမှ အချိန်နှင့် တစ်ပြေးညီ လိုင်စင်ထုတ်ပေးခြင်းကြောင့်လည်းကောင်း၊ နယ်စပ်ဒေသများတွင် ဆန်တင်ပို့ ရောင်းချသည့် အစုအဖွဲ့အသင်းများ ဖွဲ့စည်းပြီး တစ်ဖက်နိုင်ငံ End Buyer ဖြင့် ချိတ်ဆက်၍ ဈေးကွက်ရှာဖွေပေးမှုကြောင့်လည်းကောင်း၊ ဈေးနှုန်းပိုမိုရရှိခြင်းကြောင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူနှင့် တင်ပို့ရောင်းချသူများ အကျိုးဖြစ်ထွန်းမှုရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ တောင်သူများ ရသင့်ရထိုက်သည့် ဈေးနှုန်းရရှိစေရန် ရည်ရွယ်ပြီး ဈေးနှုန်းတစ်ခုသတ်မှတ်၍ အရန်ဆန်အတွက် စပါးဝယ်ယူရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်မှ ငွေကျပ် ၁၀ ဘီလီယံ၊ ဗဟိုသမဝါယမအသင်းမှ ငွေကျပ် ၁၀ ဘီလီယံ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ငွေကျပ် ၁၀ ဘီလီယံ၊ စုစုပေါင်း ငွေကျပ် ၃၀ ဘီလီယံ ရင်းနှီးမတည်ပြီး နိုင်ငံတော်အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီဖွဲ့စည်း၍ စပါးများ ဝယ်ယူပေးခဲ့ပါတယ်။ စပါးများဝယ်ယူရာမှာ မိုးစပါးကို တင်း ၁၀၀ လျှင် ငွေကျပ် ၃၃၀၀၀၀ နှုန်း၊ နွေစပါးကို တင်း ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀ နှုန်းဖြင့် ဝယ်ယူပေးခဲ့ရာ မိုးစပါးမှ စပါးတင်း ၁၃.၂၆၇ သိန်း၊ နွေစပါးမှ ၁၅.၄၅၅ သိန်း၊ စုစုပေါင်း စပါးတင်း ၂၈.၇၂၂ သိန်း ဝယ်ယူပေးခဲ့ခြင်းဖြင့် ပြည်တွင်းဆန်စပါးဈေးနှုန်းများ ကျဆင်းမှုမရှိစေရေးနှင့် တည်ငြိမ်မှုရရှိရေးအတွက် အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အပြင် အရည်အသွေးမြင့်ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် ဆန်စက်များမှာ အဓိကဖြစ်ပါတယ်။ လက်ရှိဆန်စက်များမှာ ခေတ်နောက်ကျနေပြီ ဖြစ်သဖြင့် ခေတ်မီဆန်စက်အပိုင်းများ ဖြစ်သည့် ရာဘာရိုလာ စပါး အခွံချွတ်စက်၊ ဆန်အရောင်တင်စက်၊ ဆန်အရောင်မညီရွေးထုတ်စက်၊ ကျောက်ခဲခွဲထုတ်စက်၊ အလိုအလျောက်ဆန်ရောနှောယူနစ်များ တပ်ဆင်အသုံးပြုသည့် ခေတ်မီဆန်စက်များ ပြည်ပမှ ဝယ်ယူတပ်ဆင်ရေးအတွက် အလွယ်တကူ တင်သွင်းနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ ခေတ်မီစက်များဖြင့် အရည်အသွေးမြင့်ဆန်များ ကြိတ်ခွဲတင်ပို့နိုင်ခြင်းဖြင့် ဈေးနှုန်းပိုရလာမှာဖြစ်သလို ဈေးကွက်ယှဉ်ပြိုင်နိုင်မှုဟာလည်း မြင့်တက်လာမည် ဖြစ်ပါတယ်။ ဤသို့ အရည်အသွေးကောင်း၊ ဈေးနှုန်းလည်းပိုရသည့်ဆန်များ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး ဆန်စပါးနှင့်ပတ်သက်သည့် အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များမှ ဦးဆောင်ပြီး ဆန်စပါးနှင့် ပတ်သက်သည့် အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များမှ မကြာမီကာလအတွင်း ဆန်ဝယ်နိုင်ငံများဖြစ်သည့် ဒေသတွင်းအာဆီယံနိုင်ငံများ၊ အာဖရိက

နိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ သွားရောက်ပြီး ဈေးကွက်ရှာဖွေရေး၊ ဈေးကွက်အသစ်များကို ထိုးဖောက်နိုင်ရေးအတွက် စီစဉ်ထားပြီး ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအတွက် လယ်သမားများဝယ်ယူသုံးစွဲလျက်ရှိတဲ့ ဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာစွာ ရရှိနိုင်ရေးအတွက် ဆန်အထူးပြုကုမ္ပဏီများမှတစ်ဆင့် ဓာတ်မြေသြဇာများ ထုတ်ချေးခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လယ်သမားများ ဝယ်ယူသုံးစွဲလျက်ရှိတဲ့ ဓာတ်မြေသြဇာများမှာ နိုက်ထရိုဂျင်၊ ဖော့စဖရိပ်စ်၊ ပိုတက်(ရှ်) ပါဝင်မှုဓာတ်အား စစ်ဆေးဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ဓာတ်မြေသြဇာများ တင်သွင်းခွင့်လျှောက်ထားလာပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေသြဇာ ဥပဒေပုဒ်မ ၄၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ပြည်တွင်းသို့ မြေသြဇာတင်သွင်းရန် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ပြီး ဓာတ်မြေသြဇာများကို သွင်းကုန်လိုင်စင်စိစစ် ခွင့်ပြုပေးလျက်ရှိနေပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် လယ်သမားများ ဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်မြေသြဇာ ဈေးနှုန်းသက်သာရေးအား ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားရလျှင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဓာတ်မြေသြဇာ စက်ရုံများမှထုတ်လုပ်သော ယူရီးယားဓာတ်မြေသြဇာများကို တောင်သူများလက်ဝယ်သို့ ရောက်ရှိရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း လက်အောက်ရှိ ဆန်စပါးအထူးပြုကုမ္ပဏီများသို့ ၎င်းတို့လျှောက်ထားမှုအပေါ်မူတည်ပြီး လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ ၆ လဆိုင်း အကြွေးစနစ်ဖြင့်လည်းကောင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ထို့အပြင် တပ်မတော်အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် တစ်ဦးချင်းလျှောက်ထားသူများကိုလည်း ၎င်းတို့လျှောက်ထားမှုအပေါ်မူတည်၍ လက်ငင်းငွေချေစနစ်ဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ ရောင်းချပေးခဲ့ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနသည် ဓာတ်မြေသြဇာ စက်ရုံများ၏ ကုန်ထုတ်လုပ်နိုင်မှုနှင့် လက်ကျန်ပမာဏများအပေါ်မူတည်ကာ ဖြန့်ဖြူးရောင်းချ ပေးလျက်ရှိပါတယ်။ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများရဲ့ လက်ရှိယူရီးယားဓာတ်မြေသြဇာ ဈေးနှုန်းများအား လေ့လာဆန်းစစ်ကြည့်ရာမှာ ယူရီးယားဓာတ်မြေသြဇာတစ်တန်၏ သင်္ဘောပေါ်အရောက် ဈေးနှုန်းမှာ တရုတ်နိုင်ငံ၌ အမေရိကန်ဒေါ်လာ ၄၄၅-၄၅၀၊ ထိုင်းနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၄၆၀-၄၈၀၊ လာအိုနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၄၁၀-၄၅၅၊ ဗီယက်နမ်နိုင်ငံမှာ အမေရိကန်ဒေါ်လာ ၄၂၀-၄၅၂ တို့ဖြစ်ပြီး၊ ဥရောပဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၄၇၀ နှင့် အရှေ့အလယ်

ပိုင်းဈေးကွက်မှာ အမေရိကန် ဒေါ်လာ ၄၈၀ ခန့် တို့ဖြစ်ကြောင်းသိရှိရပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာ တင်သွင်းရောင်းချလျက်ရှိတဲ့ တရုတ်နိုင်ငံထုတ် ရွှေတောင်တံဆိပ်ယူရီးယား ဓာတ်မြေသြဇာဈေးနှုန်းမှာ ယူရီးယားဓာတ်မြေသြဇာ တစ်တန်လျှင် ရန်ကုန်မြို့၌ ၄၄၀၀၀၀ ကျပ်နှင့် မန္တလေးမြို့၌ ၄၃၀၀၀၀ ကျပ်ခန့်ဖြစ်ကြောင်း စုံစမ်းသိရှိရပါတယ်။ စွမ်းအင်ဝန်ကြီးဌာနဟာ ယူရီးယားဓာတ်မြေသြဇာများကို ၁၄-၆-၂၀၁၁ ရက်နေ့မှစတင်၍ သင့်တင်မျှတသော ဈေးနှုန်းဖြစ်တဲ့ တစ်တန်လျှင် ၂၈၈၀၀၀ ကျပ်နှုန်း၊ တစ်အိတ်လျှင် ၁၄၄၀၀ ကျပ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ယင်းဈေးနှုန်းမှာ လက်ရှိ နိုင်ငံခြား ငွေလဲလှယ်နှုန်းအရ အမေရိကန်ဒေါ်လာ ၃၄၂.၈၆ ခန့်သာရှိတဲ့အတွက် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများရဲ့ ဓာတ်မြေသြဇာဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက သက်သာသောဈေးနှုန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ဓာတ်မြေသြဇာအသုံးပြုမှုသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ၁၀ ဆမှ ၁၅ ဆခန့် လျော့နည်းလျက်ရှိတာကို တွေ့ရှိပါတယ်။ သို့ဖြစ်၍ အရည်အသွေးကောင်း ဓာတ်မြေသြဇာများ ပြည်တွင်းမှာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများ ရှာဖွေဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

တတိယမေးခွန်းဖြစ်သည့် လယ်သမားများ ဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်မြေသြဇာများတွင် နိုက်ထရိုဂျင်၊ ဖော့စဖရိပ်စ်၊ ပိုတက်ပါဝင်မှု ဓာတ်အားစစ်ဆေး ဆောင်ရွက်မှု အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါသည်။ အစီအစဉ်ရှိပါက မည်သို့ဆောင်ရွက်ထားကြောင်း သိရှိလိုပါသည်ဟု မေးမြန်းထားခြင်းနှင့်ပတ်သက်၍ တောင်သူလယ်သမားများ ဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်မြေသြဇာများတွင် နိုက်ထရိုဂျင်၊ ဖော့စဖရိပ်စ်၊ ပိုတက်စသည့် အပင်အာဟာရဓာတ်များ စံချိန်စံညွှန်းမီပါရှိပြီး အရည်အသွေးကောင်း ဓာတ်မြေသြဇာများ သုံးစွဲနိုင်ရေးအတွက် ဓာတ်မြေသြဇာဥပဒေကို ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်လည်းကောင်း၊ မြေသြဇာဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်လည်းကောင်း နိုင်ငံတော်မှ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဓာတ်မြေသြဇာဥပဒေကို နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူဖြစ်စေရန်၊ မြေသြဇာလုပ်ငန်းများ စနစ်တကျ ကွပ်ကဲထိန်းသိမ်းနိုင်ရန်၊ အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများကို စိုက်ပျိုးသူများ သုံးစွဲနိုင်ရန်စတဲ့ ရည်ရွယ်ချက်များ ကျယ်ကျယ်ပြန့်ပြန့်ထားရှိ၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ မြေသြဇာလုပ်ငန်းများနှင့် စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေသြဇာစံချိန်စံညွှန်းသတ်မှတ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လုပ်ငန်းလိုင်စင်ရယူရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ

ဝန်ကြီးခေါင်းဆောင်သော မြေသြဇာကော်မတီ ဖွဲ့စည်းထားပါတယ်။ မြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းများအတွက် မှတ်ပုံတင်လက်မှတ်ရရှိရေး၊ လိုင်စင်များရရှိရေးတို့ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဈေးကွက်အတွင်းရောက်ရှိနေတဲ့ ဓာတ်မြေသြဇာများရဲ့ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီခြင်း ရှိ၊ မရှိကိုလည်း စိုက်ပျိုးရေးဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နယ်မြေအလိုက် စစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအဖွဲ့ဝင်များခန့်ထားပြီး မြေသြဇာလုပ်ငန်းများနှင့် ပတ်သက်၍ မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ။ မြေသြဇာဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်ရယူထားခြင်း ရှိ၊ မရှိနှင့် မြေသြဇာကို စံချိန်စံညွှန်းနှင့် ညီ၊ မညီ စစ်ဆေးရန် မြေသြဇာနမူနာကိုရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်များကို စိုက်ပျိုးရေးဦးစီးဌာနသို့ အစီရင်ခံခြင်းစသည့် သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ မြေသြဇာများတွင်ပါဝင်တဲ့ အာဟာရဓာတ်များဖြစ်တဲ့ N, P, K နှင့် ပစ္စည်းအာဟာရဓာတ်ပါဝင်မှုများလည်း စိုက်ပျိုးရေးဦးစီးဌာန ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစစ်ဆေးပေးလျက်ရှိပါတယ်။ ထို့အပြင် မြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းတွင်သာ သုံးစွဲခြင်းပြု၊ မပြု စစ်ဆေးဆောင်ရွက်ပြီး မြေသြဇာဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြပြီး စည်းရုံးပညာပေးရေးနည်းလမ်းများ၊ စီမံခန့်ခွဲရေးနည်းလမ်းများ၊ သတ်မှတ်ထားသည့် ဥပဒေများအရ အရေးယူနိုင်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားရင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မည့်အရင်းအမြစ်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေးမောက်၊ မလှိုင်မဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောက်၊ (မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်လို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မယ့် အရင်းအမြစ်များနှင့်ပတ်သက်လို့မေးခွန်းမေးသွားမှာဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်လို့လည်းပဲ ယနေ့မြန်မာနိုင်ငံတော်မှာ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်လို့ အများပြည်သူကလွန်စွာ တောင့်တနေပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်းပဲ အစွမ်းကုန်ကြိုးစားဆောင်ရွက်နေတာကိုလည်း သိရှိ

ရပါတယ်။ အထူးသဖြင့် မြို့ကြီးများမှာ လျှပ်စစ်ဓာတ်အား လျော့နည်းနေတာကို ရေတိုစီမံကိန်းနှင့် ဆောင်ရွက်နေတာကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ကလည်း ဇွန်လအတွင်းမှာပြောသွားတဲ့မိန့်ခွန်းထဲမှာ ပြည်သူတစ်ရပ်လုံးအတွက် ၇၅ ရာခိုင်နှုန်းသော ပြည်သူများလျှပ်စစ်ဓာတ်အားလိုအပ်ချက်ဟာ မဂ္ဂါဝပ် ၁၇၀၀၀ ကျော်ရှိပြီး ၁၇၀၀၀ အတွက် ရင်းနှီးမြှုပ်နှံမှုဟာလည်းပဲ ၁၆ ဘီလီယံမှ ဘီလီယံ ၂၀ ကြားရှိ တယ်လို့မိန့်ကြားသွားပါတယ်။ ဒီလျှပ်စစ်ဓာတ်အားဟာ တစ်နှစ်ကို ၂ ဘီလီယံနှုန်းနဲ့ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ၁၀ နှစ်ခန့်ရှိမှ ပြည်သူ လိုအပ်တဲ့လျှပ်စစ်ဓာတ်အားရရှိနိုင်မယ်လို့ မိန့်ကြားသွားတာကိုလည်း မှတ်သားလိုက်ရပါတယ်။ မြန်မာနိုင်ငံမှာသုံးနေတဲ့လျှပ်စစ်များကတော့ သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ ရေအားလျှပ်စစ်များ အများဆုံး အသုံးပြုပြီးတော့ ရေအားလျှပ်စစ်ဟာဆိုလို့ရှိရင်တော့ အရင်းအနှီးတန်ဖိုး ရင်းနှီးမြှုပ်နှံမှုအများဆုံး ဖြစ်ကြောင်းကိုလည်းသိရပါတယ်။ ကျွန်တော်တို့ တခြားနိုင်ငံတွေမှာဆိုလို့ရှိရင် လျှပ်စစ်ဓာတ်အား မိမိတိုင်းပြည်ရဲ့အခြေအနေအရ ရှေ့လာမယ့်အခြေအနေတွေကိုမူတည်ပြီးတော့ ကြိုတင်ပြီးတော့စီမံ ဆောင်ရွက်ထားတာကိုလည်းတွေ့ရပါတယ်။ ဥပမာ- ယိုးဒယားနိုင်ငံမှာ ဆိုလို့ရှိရင် လျှပ်စစ်ဓာတ်အား ဟာ ယနေ့အချိန်မှာ မဂ္ဂါဝပ် ၁၀၀၀၀ ကျော်လောက်ပိုလျှံနေတာကိုလည်းပဲ ကြိုတင်စီမံထားတဲ့ အတွက် ပိုလျှံနေတာတွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်းပဲ ယခင်အစိုးရလက်ထက်က ကျွန်တော်တို့ ၂၀၀၅-၂၀၀၆ မှာ မဂ္ဂါဝပ် ၃၀၀၀ ကျော်ကနေပြီးတော့ ၂၀၁၅-၂၀၁၆ မှာ မဂ္ဂါဝပ် ၁၁၀၀၀ ကျော်၊ ၂၀၃၀-၂၀၃၁ မှာ မဂ္ဂါဝပ် ၂၃၃၀၀ ကျော်ရနိုင်အောင် စီမံဆောင်ရွက်ထားရှိကြ တာကိုလည်းသိရှိခဲ့ရပါတယ်။ ကျွန်တော်တို့ သဘာဝဓာတ်ငွေ့ပလက်ဖောင်းကနေပြီးတော့ သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းတွေ ရန်ကုန်အထိရောက်အောင်လည်းပဲဆက်သွယ်ပြီးတာကိုလည်း ပဲသိရပါတယ်။ ဒါကြောင့် ပြည်သူများကနေပြီးတော့ မျှော်လင့်နေတဲ့လျှပ်စစ်ဓာတ်အား ရရှိနိုင်မှုနှင့်ပတ်သက်လို့ ကျွန်တော်မေးခွန်းမေးသွားမှာဖြစ်ပါတယ်။ ဒီနေ့ ယာယီဖြည့်ဆည်းဆောင်ရွက်ရန်မည်ကဲ့သို့ စီစဥ်နေ သည်ကိုသိလိုပါကြောင်းနှင့် နေရာဒေသအလိုက်၊ အချိန်ဇယားအလိုက် ရရှိနိုင်မှုအခြေအနေပမာဏ ကိုသိလိုပါတယ်။ ဒုတိယအနေနဲ့ မိမိပိုင်သဘာဝဓာတ်ငွေ့စက်များလည်ပတ်၍ လျှပ်စစ်ပမာဏ မည်မျှ မည်သည့်အချိန်တွင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ကိုလည်း သိလိုပါတယ်။ ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုမရှိ ပါကလည်း မည်သည့်အတွက်ကြောင့်ဖြစ်သည်ကိုလည်း သိလိုပါတယ်။ အဓိကရေအားလျှပ်စစ်နှင့် ပတ်သက်လို့နှစ်အလိုက် ထုတ်လုပ်ရန် မည်ကဲ့သို့ဆောင်ရွက်ထားသည်၊ နှစ်အလိုက်ပမာဏမည်မျှ ရရှိမည်၊ အဆိုပါ ဆောင်ရွက်ထားမှုများသည် မိမိတို့ကိုယ်ပိုင်ဟုတ်၊ မဟုတ်ကိုလည်းသိလိုပါတယ်။

ဖက်စပ်စီမံကိန်းများဆိုပါကလည်း ဖက်စပ်ထုတ်လုပ်သူမည်မျှရရှိမည် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်သည့်သက်တမ်း၊ ဆောင်ရွက်မည့်ကုမ္ပဏီတို့ကိုသိလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ MOU လက်မှတ်ထိုးထားတဲ့လုပ်ငန်းများနှင့်ပတ်သက်လို့လည်းပဲ ဆောင်ရွက်မည့် ကုမ္ပဏီ၊ နိုင်ငံ၊ စတင်ထုတ်လုပ်မည့်အချိန်ကာလနှင့် ပမာဏတို့ကို မိမိတို့ရရှိနိုင်မည့်ပမာဏနှင့် အခြားအကျိုးအမြတ်စာချုပ်သက်တမ်းတို့အား နှစ်အလိုက်အကောင်အထည်ဖော်မည့်အစီအစဉ်နှင့်တကွ သိလိုပါတယ်။ အဓိကအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုဆိုင်ရာမူဝါဒများကို သိရှိလိုပါကြောင်းနှင့် ဆောင်ရွက်မည့်၊ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်လို့ သိသင့်သိထိုက်သည့်အချက်များအား အချိန်ကာလအလိုက်ထုတ်ပြန်ပေးနိုင်ခြင်း ရှိ၊ မရှိသိလိုပါကြောင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်းဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်ဇော် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်မှ တင်သွင်းသည့်ကြယ်ပွင့်ပြမေးခွန်းများအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရှင်းလင်းဖြေကြားချက်အချို့အားသိသာထင်ရှားမှုရှိစေရန် ပါဝါပွိုင့်ဖြင့် ပြသခွင့်ပြုပါရန်လည်း ခွင့်ပြုချက်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့်အရင်းအမြစ်များနှင့်ပတ်သက်၍ မေးမြန်းခြင်းမေးခွန်း(၁)နှင့် စပ်လျဉ်း၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ လက်အောက်မှာ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ ၁၉ ရုံ၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁ ရုံနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့လက်အောက်မှာ သဘာဝဓာတ်ငွေ့နှင့် ရေငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၅ ရုံ၊ စုစုပေါင်းလျှပ်စစ်စက်တပ်ဆင်အင်အား ၃၄၉၄.၉ မဂ္ဂါဝပ်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ကီလိုဝပ် နာရီ သန်းပေါင်း ၁၀၃၃၈.၀၈ ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းကိုပို့လွှတ်ပေးခဲ့ပါတယ်။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ လက်ရှိတည်ဆောက်ဆဲလျှပ်စစ်စီမံကိန်းများမှ ၂၀၁၅ ခုနှစ်တွင်

နှစ်အလိုက်ပြီးစီးမည့်အခြေအနေများကိုတင်ပြရှင်းလင်းမှာဖြစ်ပါတယ်။ ပထမဦးဆုံးတစ်ခု ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီးတော့ ကချင်ပြည်နယ်မှာတည်ရှိပါတယ်။ လျှပ်စစ်စက်တပ်ဆင်အား ၉၉ မဂ္ဂါဝပ် ကီလိုဝပ်နာရီသန်းပေါင်း ၅၉၉ ထုတ်လုပ်နိုင်ပြီး ယခုအခါရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပါတယ်။ သို့သော်လည်းလုံခြုံရေးအခြေအနေအရ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးနိုင်ခြင်းမရှိသေးပါဘူး။ ဒုတိယတစ်ခုအနေနဲ့ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာတည်ရှိပြီး စက်တပ်ဆင်အား ၄၀ မဂ္ဂါဝပ် ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာပြီးစီးမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မိုးရာသီကာလအတွင်းမှာစက်စတင်စမ်းသပ်လည်ပတ်မှာဖြစ်ပါတယ်။ တတိယတစ်ခုဖြစ်တဲ့ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အတွင်းမှာတည်ရှိပြီး စက်တပ်ဆင်အား ၁၂၀ မဂ္ဂါဝပ်ရှိကာ ကီလိုဝပ်နာရီသန်းပေါင်း ၆၀၄.၇ ထုတ်လုပ်နိုင်မှာဖြစ်ပြီး ဘဏ္ဍာရေးနှစ် ၂၀၁၃-၂၀၁၄ မှာပြီးစီးမှာဖြစ်ပါတယ်။ အလားတူ ၂၀၁၃ မိုးရာသီကာလမှာ ဓာတ်အားစတင်စမ်းသပ်ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ စတုတ္ထတစ်ခုဖြစ်တဲ့ ဘီလူးချောင်း (၃) ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီးတော့ ကယားပြည်နယ်အတွင်းမှာတည်ရှိပါတယ်။ စက်တပ်ဆင်အား ၅၂ မဂ္ဂါဝပ်နှင့် ကီလိုဝပ်နာရီသန်းပေါင်း ၃၃၄ ဖြစ်ပါတယ်။ ပြီးစီးမယ့်ခုနှစ်က ဘဏ္ဍာရေးနှစ် ၂၀၁၃-၂၀၁၄ ဖြစ်ပြီး ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းမှာ စက်စတင်စမ်းသပ်လည်ပတ်မှာဖြစ်ပါတယ်။ နန့်ချိုရေအားလျှပ်စစ်စီမံကိန်းဟာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာတည်ရှိပါတယ်။ စက်တပ်ဆင်အား ၄၀ မဂ္ဂါဝပ်ဖြစ်ပြီး ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂ ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မိုးရာသီကုန်ကာလမှာစက်စတင် လည်ပတ်မှာဖြစ်ပါတယ်။ ဆဌမတစ်ခုဖြစ်တဲ့ အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာတည်ရှိပြီး စက်တပ်ဆင်အား ၂၉ မဂ္ဂါဝပ်ဖြစ်ကာ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ဖြစ်ပါတယ်။ ပြီးစီးမယ့်နှစ်ကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာဖြစ်ပါတယ်။ အဲ့ဒီစီမံကိန်းဟာ အင်းလေကန်ဒေသရဲ့နုန်းပို့ချမှုကိုလည်း အထိုက်အလျောက် ကာကွယ်ပေးမယ့်စီမံကိန်းလည်း ဖြစ်ပါတယ်။ သတ္တမစီမံကိန်းတစ်ခုဖြစ်တဲ့ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းဟာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ တည်ရှိပြီတော့ ၁၄၀ မဂ္ဂါဝပ် စက်တပ်ဆင်အားရှိပြီး ကီလိုဝပ်နာရီ သန်းပေါင်း ၄၅၄ ထုတ်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးသွားမှာဖြစ်ပြီး ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းမှာစက်စမ်းသပ်လည်ပတ်မှာ ဖြစ်ပါတယ်။ သို့ဖြစ်၍ ၂၀၁၅ ခုနှစ်အတွင်း

စုစုပေါင်းမဂ္ဂါဝပ်စက်တပ်ဆင်အား ၅၂၀ အထိရရှိလာမှာဖြစ်ပြီး ကီလိုဝပ်နာရီသန်းပေါင်း ၂၃၈၃.၇ အထိတိုးတက်ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းဆောင်ရွက်ရန် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှဆောင်ရွက်ချက်များကို ဖတ်ကြားရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထုတ်လုပ်ပေးတဲ့ လျှပ်စစ်ဓာတ်အားများနှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များမှ ထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အားများကိုပေါင်းပြီး တစ်နိုင်ငံလုံးကိုထုတ်လုပ်ဖြန့်ဖြူးပေးပါတယ်။ လက်ရှိအခြေအနေမှာ တစ်နိုင်လုံးဓာတ်အားလိုအပ်ချက်ကို ရေအားလျှပ်စစ်ဓာတ်အာပေးစက်ရုံများအား အဓိကအားထား အသုံးပြုလျက်ရှိပါတယ်။ ဒါကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို Base Load အဖြစ်အသုံးပြုမည့်အစား ကျောက်မီးသွေးလောင်စာသုံးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများကို Base Load အဖြစ်အသုံးပြုနိုင်ရေးအတွက် ကျောက်မီးသွေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ တိုးချဲ့ဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးဆောင်ရွက်ရာမှာ အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအနေနဲ့ ယာယီဖြည့်ဆည်းဆောင်ရွက်ရန်ဟု သဘောထားမရှိဘဲ ရေတိုကာလဆောင်ရွက်ရန်စီမံဆောင်ရွက်လျက်ရှိပါတယ်။ ယခင် ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ ကာလများ၏အမြင့်ဆုံး ဓာတ်အားလိုအပ်ချက်များကိုခန့်မှန်းလျက် လာမည့်ရေတိုကာလအဖြစ် သတ်မှတ်သည့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်ကာလအတွင်း နှစ်စဉ်ဓာတ်အားလိုအပ်ချက်ပမာဏသည် ၁၅ ရာခိုင်နှုန်းတိုးတက်လာမည်ဟုခန့်မှန်းရရှိပါတယ်။ ရေတိုကာလဓာတ်အားလိုအပ်ချက်အဖြစ် ဖြည့်ဆည်းနိုင်ရန်အတွက် လက်ရှိရန်ကုန်မြို့မှာတည်ဆောက်ထားတဲ့ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များအနက် Frane-6 GT ၆ လုံးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပြုလုပ်ရန်အတွက်လည်းကောင်း၊ ရွာမမှ NEDO H-25 သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ကို အကြီးစားပြုပြင်ရန်အတွက်လည်းကောင်း ဆောင်ရွက်လျက်ရှိနေပါတယ်။ ယင်းစက်များပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ၁၁၀ မဂ္ဂါဝပ်အထိ လျှပ်စစ်ဓာတ်အားများပိုမိုထွက်ရှိလာမှာဖြစ်ပါတယ်။ ရန်ကုန်၊ လှော်ကားမှာလည်း တရုတ်နိုင်ငံအခြေစိုက် Hydrolancang Co;Ltd အနေနဲ့ ၅၄၃ မဂ္ဂါဝပ်ပမာဏရှိသော သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံကိုလည်းကောင်း၊ သာကေတမှာ ကိုရီးယားနိုင်ငံအခြေစိုက် Busan Korea Biotechnology Co;Ltd အနေဖြင့် ၅၀၀ မဂ္ဂါဝပ်ပမာဏရှိသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး

စက်ရုံတစ်ရုံကိုလည်းကောင်း အသီးသီးတည်ဆောက်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိနေပါတယ်။ ၎င်းစက်ရုံများကို အဆင့်အလိုက်လည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၎င်းအပြင် ထိုင်းနိုင်ငံအခြေစိုက် Toyo Thai Co;Ltd သည်လည်း ရန်ကုန်၊ အင်းစိန်မှာ ၁၀၀ မဂ္ဂါဝပ် ပမာဏရှိသော သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံကို အမြန်ဆုံးတည်ဆောက်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။ ၎င်းအပြင် ထိုင်းနိုင်ငံမှ EGAt အဖွဲ့နှင့်လည်း ၁၁၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံကို အမြန်ဆုံးတည်ဆောက်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းခြင်းမေးခွန်း(၂)နှင့် ပတ်သက်၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား ၇၁၄.၉ မဂ္ဂါဝပ်ရှိသော သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့သုံးဓာတ်အားပေး စက်ရုံ ၁၀ ရုံမှ စက်အလုံးရေ ၃၁ လုံးအနက် ၂၄ လုံးလည်ပတ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား ၃၉၅ မဂ္ဂါဝပ်ခန့်ဖြင့် နေ့စဥ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိပါတယ်။ အဆိုပါစက်များအား စက်စွမ်းအားပြည့်လည်ပတ်ရန်အတွက် နေ့စဥ် သဘာဝဓာတ်ငွေ့ကုန်းတွင်းကုဗပေသန်း ၃၀ နှင့် ကမ်းလွန်ကုဗပေ ၂၁၈ သန်း၊ စုစုပေါင်း ၂၄၈ သန်း လိုအပ်မှာဖြစ်ပါတယ်။ သို့သော် သဘာဝဓာတ်ငွေ့ကုန်းတွင်းကုဗပေ ၁၀ သန်း နှင့် ကမ်းလွန်ကုဗပေ ၁၇၃ သန်းခန့်၊ စုစုပေါင်းကုဗပေ ၁၈၃ သန်းခန့်သာနေ့စဥ်ရရှိသဖြင့် လျှပ်စစ်ဓာတ်အားနေ့စဥ် ၃၉၅ မဂ္ဂါဝပ်ခန့် သို့မဟုတ် နေ့စဥ်ဓာတ်အားယူနစ်သန်းပေါင်း ၉၅၀၀ ခန့်ထုတ်လုပ်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မေးခွန်းနံပါတ် (၃) ဖြစ်သော အဓိကရေအားလျှပ်စစ်နှင့်ပတ်သက်၍ နှစ်အလိုက် ထုတ်လုပ်ရန်မည်သို့ဆောင်ရွက်ထားသည်။ နှစ်အလိုက်ပမာဏမည်မျှရရှိမည်။ အဆိုပါဆောင်ရွက်ထားမှုများသည်မိမိကိုယ်ပိုင်ဟုတ်/မဟုတ်သိလိုပါကြောင်းနှင့်စပ်လျဥ်း၍ ၂၀၁၅ ခုနှစ်အထိပြီးစီးမည့် စီမံကိန်းများကိုမေးခွန်းနံပါတ်(၁)မှာဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်ကာလအတွင်းပြီးစီးမည့် ရေအားလျှပ်စစ်စီမံကိန်းများကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးတစ်ခုဖြစ်တဲ့ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း ရခိုင်ပြည်နယ်အတွင်းမှာတည်ရှိပြီး စက်တပ်ဆင်အင်အား ၁၀ မဂ္ဂါဝပ် ကီလိုဝပ်နာရီသန်းပေါင်း ၄၄ ထုတ်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ ပြီးစီးနိုင်မည့်ခုနှစ်ကတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာဖြစ်ပါတယ်။ ဒုတိယသူဌေး

ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာပဲတည်ရှိပြီး စက်တပ်ဆင်အင်အား ၁၁၁ မဂ္ဂါဝပ်ဖြစ်ကာ ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ ထုတ်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာပြီးစီးမှာဖြစ်ပါတယ်။ တတိယတစ်ခုဖြစ်တဲ့ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းဟာ ရှမ်းပြည်နယ်တောင်ပိုင်းမှာတည်ရှိပြီးတော့ စက်တပ်ဆင်အင်အား ၅၁ မဂ္ဂါဝပ်ဖြစ်ကာ ကီလိုဝပ်နာရီသန်းပေါင်း ၂၆၇ ထုတ်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြီးစီးမှာဖြစ်ပါတယ်။ စတုတ္ထတစ်ခုဖြစ်တဲ့ အထက်ရဲရွာစီမံကိန်းဟာ ရှမ်းပြည်နယ်မြောက်ပိုင်းမှာတည်ရှိပြီး စက်တပ်ဆင်အင်အား ၂၈၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ ကီလိုဝပ်နာရီသန်းပေါင်း ၁၃၃၀ ထုတ်လုပ်ပေးနိုင်မှာဖြစ်ပြီးတော့။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ပြီးစီးမှာဖြစ်ပါတယ်။ ပဉ္စမတစ်ခုဖြစ်တဲ့ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့အနီးမှာ တည်ရှိပါတယ်။ စက်တပ်ဆင်အင်အား ၁၀၅၀ မဂ္ဂါဝပ်ဖြစ်ပြီး ကီလိုဝပ်နာရီသန်းပေါင်း ၃၅၀၀ ထုတ်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ အဲ့ဒီစီမံကိန်းဟာ ကျွန်တော်တို့နိုင်ငံရဲ့တတိယမြောက် Roller Compacted Concrete လို့ခေါ်တဲ့ RCC Dam အမျိုးအစားလည်းဖြစ်ပါတယ်။ အဲ့ဒီစီမံကိန်းဟာ ဘဏ္ဍာရေးနှစ် ၂၀၂၀-၂၀၂၁ ခုနှစ်မှာပြီးစီးမှာ ဖြစ်ပါတယ်။ ယခုအခါမှာအဲ့ဒီစီမံကိန်းအတွက် Consultancy Services အနေနဲ့ ဆွစ်ဇာလန်နိုင်ငံရဲ့ အတိုင်ပင်ခံအင်ဂျင်နီယာ Consultant အနေနဲ့ AF ကိုလံကို အဖွဲ့ကိုငှားရမ်းပြီးတော့ အသေးစိတ် ဒီဇိုင်းပုံစံများထုတ်လုပ်ထားရှိပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်၍ ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း စုစုပေါင်းစက်တပ်ဆင်အင်အား ၁၅၀၂ မဂ္ဂါဝပ်နှင့် ကီလိုဝပ်နာရီသန်းပေါင်း ၅၅၂၇ အထိ ပြီးစီးလာမှာဖြစ်ပါတယ်။ မေးခွန်း(၁)ပါ တင်ပြပြီးစီမံကိန်းများမှာ ချီဖွေငယ်ဟာ FDI စနစ်ဖြစ်ပြီး သောက်ရေခပ်(၂)၊ ဘီလူးချောင်း(၃)၊ အထက်ဘီလူးချောင်းစီမံကိန်းတို့ဟာ တိုင်းရင်းသားလုပ်ငန်းရှင်များရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သော စီမံကိန်းများဖြစ်ပါတယ်။ ကျန်စီမံကိန်းများနှင့် ယခုတင်ပြသော စီမံကိန်းများသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှတာဝန်ယူတည်ဆောက်သော နိုင်ငံပိုင်စီမံကိန်းများဖြစ်ကြောင်းနှင့် စီမံကိန်းအားလုံးမှထွက်ရှိလျှပ်စစ်ဓာတ်အားကို နိုင်ငံတော်အတွင်းသုံးစွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မေးခွန်းနံပါတ် (၄) နှင့် (၅) မှာဆက်စပ်လျက်ရှိတဲ့အတွက် တစ်ပေါင်းတည်းအသေးစိတ်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ ရေအား

လျှပ်စစ်စီမံကိန်းများကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI, JV, BOT စနစ်ဖြင့်ဆောင်ရွက်ရာမှာ အဆင့် ၅ ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ပထမအဆင့်မှာ နားလည်မှုစာချွန်လွှာ MOU (Memorandum of Understanding) ဖြစ်ပြီးတော့ ၎င်းမှာ စူးစမ်းလေ့လာခွင့်ပြုခြင်းအဆင့်သာ ဖြစ်ပါတယ်။ စီမံကိန်းတည်ဆောက်ခွင့်ခွင့်ပြုခြင်းမဟုတ်သေးပါဘူး။ သာမန်အားဖြင့် စူးစမ်းလေ့လာပြီး စီမံကိန်းဆောင်ရွက်ရန်ဖြစ်နိုင်၊ မဖြစ်နိုင် Pre-Feasibility and Feasibility Study Report တင်ပြသောအဆင့်ဖြစ်ပါတယ်။ ၎င်းအဆင့်အတွက် အချိန်ကာလအားဖြင့် အများဆုံး Pre-Feasibility Study ၁၂ လနှင့် Feasibility Study ၁၈ လ၊ စုစုပေါင်းလ ၃၀ ခွင့်ပြုပေးရပါတယ်။ ဆောင်ရွက်ရတဲ့လုပ်ငန်းများဟာလည်းများပြားပါတယ်။ ရေစီးနှုန်းတိုင်းတာခြင်း၊ ပုံစံထုတ်ခြင်း၊ စိန်လွှန်တူးများတူးခြင်း၊ ရေ၏အရည်အသွေးစမ်းသပ်ခြင်း၊ မြေကြီးကျောက်သားများ၏ အရည်အသွေးများ စမ်းသပ်ခြင်းစတဲ့လုပ်ငန်းစဉ်များကိုဆောင်ရွက်ရတာလည်းဖြစ်ပါတယ်။ ခွင့်ပြုသောကာလအတွင်းမှာ အစီရင်ခံစာမတင်ပြနိုင်ရင် MOU ပျက်ပြယ်ပါတယ်။ စူးစမ်းလေ့လာပြီး၍ စီမံကိန်းဆောင်ရွက်ရန်ဖြစ်နိုင်ခြေမရှိပါကလည်း MOU ပျက်ပြယ်ပါတယ်။ ၎င်း MOU ကိုလက်မှတ်ရေးထိုးနိုင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့ရဲ့သဘောထားမှတ်ချက်နှင့် ခွင့်ပြုချက်ရရှိရန်လည်းလိုအပ်ပါတယ်။ ၎င်းတို့ရဲ့ခွင့်ပြုချက်၊ သဘောထားမှတ်ချက်များရရှိတဲ့အခါမှာ MOU စာချုပ်မူကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှာတင်ပြပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုပါက MOU လက်မှတ်ရေးထိုးရပါတယ်။ ဒုတိယအဆင့်မှာ သဘောတူညီမှုစာချုပ် MOA (Memorandum of Agreement) ဖြစ်ပါတယ်။ ၎င်းအဆင့်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများမှလေ့လာပြုစုတင်ပြတဲ့ Feasibility Study Report တွင်ပါဝင်သည့် စီမံကိန်းတည်ဆောက်မည့်နေရာ၊ ပုံစံ၊ နည်းပညာနှင့်ပတ်သက်ပြီးတော့ အပြန်အလှန်စစ်ဆေးခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ပြုလုပ်ပါတယ်။ အတည်ပြုနိုင်ခဲ့ရင် စီးပွားရေးတွက်ချေကိုက်မှု၊ နှစ်ဖက်အကျိုးတူ Win-Win ဖြစ်မှုတို့ကိုအသေးစိတ်အချိန်ယူပြီးတွက်ချက်စစ်ဆေးခြင်းများပြုလုပ်ပါတယ်။ ၎င်းတို့ကို အတည်ပြုနိုင်ခဲ့လျှင် စာချုပ်မူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့ရဲ့ သဘောထားမှတ်ချက်များ၊ အတည်ပြုချက်များရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကိုတင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် MOA လက်မှတ်ရေးထိုးကြပါတယ်။ ဤအဆင့်လက်မှတ်ရေးထိုးနိုင်ရန်အတွက် အများဆုံးအချိန်ကာလ ၆ လ

ခန့်ကြာမြင့်နိုင်ပါတယ်။ နောင်အရှည်တည်တံ့ခိုင်မာစေရန်အတွက် ထိုမျှအချိန်ယူဆောင်ရွက်ရခြင်းလည်းဖြစ်ပါတယ်။ တတိယအဆင့်အနေဖြင့် သဘောတူစာချုပ် MOA အပေါ်မူတည်လျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တင်ပြတဲ့အဆင့်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်တိုက်ဆိုင်စစ်ဆေးပါတယ်။ ဤအဆင့်မှာ ယခုအချိန်အခါ၌သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုလေ့လာချက်၊ ၎င်းတို့အပေါ်မှာသက်ရောက်မှုလျော့နည်းအောင်ဆောင်ရွက်မှုအစီအမံနှင့် အာမခံချက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ အတည်ပြုချက်လည်းရရှိရန် လိုအပ်ပါတယ်။ စတုတ္ထအဆင့်အနေနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုအတည်ပြုချက်ရရှိလျှင် ဖက်စပ်သဘောတူစာချုပ် JVA (Joint Venture Agreement) မူကြမ်းကို ပြုစုလျက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့သို့ပေးပို့ကာ သဘောထားမှတ်ချက်၊ အတည်ပြုချက်များ ရယူရပါတယ်။ အတည်ပြုချက်ရရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကိုတင်ပြ၍ ခွင့်ပြုချက်ရရှိပါက ဖက်စပ်သဘောတူစာချုပ် (Joint Venture Agreement) ကိုလက်မှတ်ရေးထိုးရပါတယ်။ ပဉ္စမအဆင့်အားဖြင့် JVA(Joint Venture Agreement) လက်မှတ်ရေးထိုးပြီးရင် ဖက်စပ်ကုမ္ပဏီတည်ထောင်ခွင့်အတွက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို တင်ပြခွင့်ပြုချက်တောင်းခံရပါတယ်။ တရားဥပဒေအရလုပ်ငန်းစီမံဆောင်ရွက်ခွင့်ပြုချက် (Legal Opinion) ရရှိရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို တင်ပြခွင့်ပြုချက်တောင်းခံရပါတယ်။ စီမံကိန်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် (Concession Right) ရရှိရန် သက်ဆိုင်ရာလျှပ်စစ်ဝန်ကြီးဌာနကိုလည်း ခွင့်ပြုချက်တောင်းခံရပါတယ်။ ရင်းနှီးမြှုပ်နှံမယ့်ပြည်ပကုမ္ပဏီသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရဲ့ ကုမ္ပဏီတည်ထောင်ခွင့်ပြုသည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ တရားဥပဒေအရလုပ်ငန်းစီမံဆောင်ရွက်ခွင့် (Legal Opinion) သက်ဆိုင်ရာ လျှပ်စစ်ဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းလုပ်ကိုင်ခွင့် (Concession Right)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့်ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ လက်မှတ်ရေးထိုးထုတ်ပြန်သော အခြားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်း အမိန့်ကြော်ငြာစာတို့ရရှိမှသာ စီမံကိန်းအကောင်အထည်ဖော်ခွင့်အတည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှင်းလင်းတင်ပြခဲ့တဲ့အဆင့် ၅ ဆင့်အထိဆောင်ရွက်ပြီးမြောက်မှသာ စီမံကိန်းစတင်အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ MOU လက်မှတ်ရေးထိုးပြီးဖြစ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းစုစုပေါင်း ၄၄ ခုနှင့် စက်တပ်ဆင်အင်အား ၄၂၁၄၅.၅ မဂ္ဂါဝပ်ရှိပြီး လက်ရှိအချိန်မှာ ၎င်းစီမံကိန်းများအနက်မှ ဖက်စပ်သဘောတူစာချုပ် (Joint Venture Agreement) လက်မှတ်ရေးထိုးပြီးအဆင့် စီမံကိန်း ၃ ခုသာရှိရာ ၎င်းစီမံကိန်း ၃ ခုအနက် စီမံကိန်းတစ်ခုဖြစ်သော မြစ်ဆုံကိုရပ်ဆိုင်းထားပါတယ်။ ကျန်စီမံကိန်းနှစ်ခုမှာလည်း လုံခြုံရေးအခြေအနေအရ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်နိုင်ခြင်းမရှိသည့်အတွက် ပြီးစီးနိုင်မည့်နှစ်ကိုဖော်ပြနိုင်ခြင်းမရှိသေးပါကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်။ MOU/MOA/JVA ဆောင်ရွက်ထားတဲ့ ကုမ္ပဏီ၊ နိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုပမာဏအသေးစိတ်အား အချိန်ကိုငဲ့ကွက်၍ မဖတ်ကြားတော့ဘဲ ပါဝါပွိုင့်တွင်အသေးစိတ် တင်ပြထားရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မိမိတို့မှာ ရရှိမည့်ပမာဏနှင့် အကျိုးအမြတ်ဆိုင်ရာနှင့်စပ်လျဉ်း၍ ယခင်အစိုးရလက်ထက်လျှပ်စစ်စီမံကိန်းများဆောင်ရွက်ရာမှာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လျှပ်စစ်ရောင်းချမယ့် Power Market ကို ၎င်းတို့၏အစီအစဉ်ဖြင့် ၎င်းတို့ကိုယ်တိုင်ရှာဖွေစီမံဆောင်ရွက်ရမည်ဖြစ်ပါတယ်။ စီမံကိန်းပြီးစီးသွားတဲ့အခါ ထွက်ရှိလာတဲ့လျှပ်စစ်ကို ရောင်းချရန်ဈေးကွက်သေချာမှ လျှပ်စစ်ဝယ်ယူရောင်းချမည့်ကတိစာချုပ် Power Purchasing Agreement ကို ကြိုတင်ချုပ်ဆိုပြီးမှ ရင်းနှီးမြှုပ်နှံမည့်သူက စီမံကိန်းကို အကောင်အထည်ဖော်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်မှရရှိမယ့် အခမဲ့ဓာတ်အား၊ အခမဲ့ရှယ်ယာနှင့် နိုင်ငံတော်မှနည်းဥပဒေအရ ပြဋ္ဌာန်းထုတ်ပြန်ထားတဲ့အခွန်အခများရရှိရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ အခမဲ့ဓာတ်အားနှင့် အခမဲ့ရှယ်ယာရာခိုင်နှုန်းများနှင့်ပတ်သက်၍ နှစ်ခုပေါင်း၂၅ ရာခိုင်နှုန်းအနည်းဆုံးသတ်မှတ်ထားပါတယ်။ စီမံကိန်းတစ်ခုချင်းစီ၏သဘော သဘာဝအလိုက် ဥပမာ- စီမံကိန်းကုန်ကျစရိတ်၊ တပ်ဆင်စက်အင်အားစသဖြင့်ပေါ်မူတည်၍ Financial Model & Financial Analysis မတူနိုင်တဲ့အတွက် အခမဲ့ဓာတ်အားနှင့် အခမဲ့ရှယ်ယာအား ၁၀ ရာခိုင်နှုန်း သို့မဟုတ် ၁၅ ရာခိုင်နှုန်းသတ်မှတ်ခြင်းဖြစ်ပါတယ်။ သို့သော်လည်း စီးပွားရေးဆိုင်ရာတွက်ခြေကိုက်မှုစိစစ်ချက်တွက်ချက်ရာမှာ အခြေခံ Parameter များအနေဖြင့် အတူတူပင်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ် (Static/ Dynamic

Project Cost) တို့အပေါ်မူတည်၍ ယူဆချက်များ၊ Assumption များမတူညီခြင်းသာဖြစ်ပါတယ်။ စီးပွားရေးဆိုင်ရာတွက်ခြေကိုက်မှုစိစစ်ချက် Financial Analysis အရ နှစ်ဦးနှစ်ဖက် Win-Win Situation ဖြစ်ပေါ်တဲ့အခြေအနေဟာ နိုင်ငံတော်အတွက်ရရှိမယ့် အခမဲ့ဓာတ်အား (Royalty Power) ရာခိုင်နှုန်းအပြင် နိုင်ငံတော်အတွက်လိုအပ်ပါက စက်တပ်ဆင်အင်အားရဲ့ ၅၀ ရာခိုင်နှုန်းအထိအား Power Market ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်ဈေးအတိုင်း ဝယ်ယူခွင့်လည်းရရှိမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် စက်တပ်ဆင်အင်အား ၆၀၀ မဂ္ဂါဝပ်ရှိသော ရွှေလီ(၁)စီမံကိန်းသည် လုပ်ပိုင်ခွင့်ကာလ နှစ် ၄၀ ဖြစ်ပြီး ၎င်းစီမံကိန်းမှအခမဲ့ ဓာတ်အား ၉၀ မဂ္ဂါဝပ်အပြင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန၏အဆိုပြုချက်အရ ၂၁၀ မဂ္ဂါဝပ်အထိတိုးတက်၍ စုစုပေါင်း ၃၀၀ မဂ္ဂါဝပ်ကိုလည်းကောင်း၊ တဖန် ၁၀၀ မဂ္ဂါဝပ်ပြန်လည်လျှော့ချ၍ ၂၀၀ မဂ္ဂါဝပ်ကိုလည်းကောင်း၊ ရွှေလီ(၁)ဖက်စပ် ကုမ္ပဏီလီမိတက်နှင့် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့နှစ်အလိုက် PPA (Power Purchasing Agreement) လက်မှတ်ရေးထိုး၍လျှပ်စစ်ဓာတ်အားဝယ်ယူခြင်းကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI စနစ်ဖြင့်အကောင်အထည်ဖော် ဆောင်ရွက်မည့် ရေအားလျှပ်စစ်စက်ရုံများရဲ့ စက်ရုံတစ်ခုခြင်းစီအလိုက် နိုင်ငံတော်အတွက် အခမဲ့ ရရှိသော (Royalty Power) အပြင် ထပ်မံဝယ်ယူရန်လိုအပ်ပါက မူလစာချုပ်ပါအတိုင်းနှစ်အလိုက် Power Purchasing Agreement ချုပ်ဆိုပြီးဝယ်ယူသုံးစွဲနိုင်ပါတယ်။ လျှပ်စစ်မည်မျှသုံးစွဲမည် ကိုလည်း စာချုပ်မချုပ်မီကာလအတွင်းအထက်အဆင့်ဆင့်ကိုတင်ပြလျက် နိုင်ငံတော်မှဝယ်ယူနိုင်မည့် ပမာဏကိုသာ စာချုပ်တွင်ထည့်သွင်းချုပ်ဆိုခြင်းဖြစ်ပါတယ်။ စီမံကိန်းအသစ်များဆောင်ရွက်ပါက Joint Venture Agreement လက်မှတ်ရေးထိုးသည့်အခါ မိမိနိုင်ငံကအခမဲ့ရရှိသော Royalty Power အပြင် မည်မျှထပ်မံတိုးချဲ့ဝယ်ယူမည်ကို Demand အရလိုအပ်ချက်ပမာဏပေါ်မူတည်ပြီး ထပ်မံဝယ်ယူနိုင်ရေးစာချုပ်မှာ ထည့်သွင်းချုပ်ဆိုသွားမှာလည်းဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ အနေနဲ့ စီမံကိန်းအားတည်ဆောက်တဲ့နေရာမှာ ဖြစ်မြောက်နိုင်စွမ်းရှိ၊ မရှိလေ့လာစိစစ်၍ ဖြစ်မြောက် နိုင်စွမ်းရှိပါက စီမံကိန်းဆိုင်ရာရင်းနှီးမြှုပ်နှံမှုအစီအစဉ် Investment Program, Investment Scheme အရ ရင်းနှီးမြှုပ်နှံမှုအပေါ်ထည့်ဝင်ငွေ၊ စီမံကိန်းဆိုင်ရာချေးငွေ၊ ရင်းနှီးမြှုပ်နှံသူဘက်မှ ရရှိမည့်အကျိုးအမြတ် Resources Owner ဖြစ်သော နိုင်ငံတော်ဘက်မှရရှိမည့်အကျိုးအမြတ်ဖြစ်တဲ့ အခမဲ့ ဓာတ်အား၊ အခမဲ့ရှယ်ယာ၊ အခွန်အခအစရှိသဖြင့် နှစ်အလိုက်ထုတ်လုပ်ရောင်းချမည့် လျှပ်စစ် ဓာတ်အားနှုန်းထားတို့ကိုအခြေခံပြီး Financial Analysis စိစစ်တွက်ချက်ပြီး စီမံကိန်းဆိုင်ရာ အရင်း

ကျော်ကာလ၊ ကြွေးကျော်ကာလတို့ကိုနှစ်ဦးနှစ်ဖက် Win-Win ဖြစ်စေရန် အသေးစိတ်၊ အကြိမ်ကြိမ် ဆွေးနွေး စိစစ်ပြီးဆောင်ရွက်ရပါတယ်။ သို့ဖြစ်၍ စီမံကိန်းမှနှစ်စဉ်ထွက်ရှိမယ့်လျှပ်စစ်ဓာတ်အားကို ဝယ်ယူ ရောင်းချရာမှာအထက်ဖော်ပြသော စိစစ်တွက်ချက်ထားတဲ့တွက်ချက်မှုများအတိုင်း လျှပ်စစ် ဓာတ်အား ဝယ်ယူရောင်းချရေးစာချုပ်အား စီမံကိန်းလုပ်ပိုင်ခွင့်ကာလတစ်လျှောက် Long Term Power Purchasing Agreement ကိုညှိနှိုင်းသဘောတူညီချက်ရရှိပြီးနောက် နှစ်အလိုက်တစ်နှစ် ပြီးတစ်နှစ်ပြောင်းလဲလာနိုင်တဲ့ Generated Energy နဲ့ ဓာတ်အားခ Tariff တို့အပေါ်မှာ နှစ်ဖက် ညှိနှိုင်းပြီး Yearly Power Purchasing Agreement ချုပ်ဆိုနိုင်မှသာလျှင် နှစ်ဦးနှစ်ဖက် Win-Win ဖြစ်စေ မည့်အခြေအနေရရှိမှာဖြစ်ပါတယ်။ စီမံကိန်းလုပ်ပိုင်ခွင့်ကာလပြီးဆုံးသွားပါက စီမံကိန်းအား နိုင်ငံတော်သို့ မူလပကတိအခြေအနေအတိုင်း မည်သည့်အဖိုးစားနားမျှ တောင်းခံခြင်း မရှိဘဲ အခမဲ့ လွှဲပြောင်းပေးရမှာလည်း ဖြစ်ပါတယ်။ ယခုရှင်းလင်းတင်ပြချက်များဟာ ဖက်စပ်ကုမ္ပဏီ တည်ထောင်ထားပြီးဖြစ်တဲ့ ရွှေလီ(၁)ဓာတ်အားပေးစက်ရုံနှင့် တာပိန်(၁)ဓာတ်အားပေးစက်ရုံများ အပေါ် အခြေခံရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ ရွှေလီ(၁)ဓာတ်အားပေးစက်ရုံဟာ ယခုအခါပျှမ်းမျှ ၂၀၀ မဂ္ဂါဝပ်ခန့် နိုင်ငံတော်အတွင်းကို ပို့လွှတ်နေတဲ့အခြေအနေဖြစ်ပါတယ်။ တာပိန်(၁)ဓာတ်အား ပေးစက်ရုံကတော့ လုံခြုံရေးအခြေအနေအရ ဓာတ်အားထုတ်လုပ်နိုင်ခြင်း၊ ဖြန့်ဖြူးနိုင်ခြင်းမရှိသေးပါ ဘူး။ ထို့ကြောင့် ရှေးဦးတင်ပြခဲ့ပြီးဖြစ်တဲ့အတိုင်း ဆောင်ရွက်ရန်ရှိဖက်စပ် JV/BOT/FDI စီမံကိန်းများ အနေဖြင့် ယခုအခါ မည်သို့မျှအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများခင်ဗျား။ နောက်ဆုံးမေးခွန်းနှင့်ပတ်သက်၍ နိုင်ငံတော်မှ လမ်းညွှန်ချမှတ်ပေးထားသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ လျှပ်စစ် ဝန်ကြီးဌာနများရဲ့မူဝါဒများကိုတင်ပြမှာဖြစ်ပါတယ်။ ပထမဦးဆုံးတစ်ခုအနေနဲ့ ပဉ္စမကာလတို ၅ နှစ် စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့်လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များကိုသယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများတိုးချဲ့တည်ဆောက်ရေး၊ (၂) ပင်မဓာတ်အားပေး စက်ရုံမှ အလှမ်းကွာဝေးသည့်ကျေးလက်ဒေသများတွင် ပြည်သူလူထုမှပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင် စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာရေးနှင့်

နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများပံ့ပိုးရေး၊ (၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသောအရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဒီဇယ် ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များဖြည့်ဆည်းပေးရန် ဓာတ်အားပေးစက် များ၏ကြံ့ခိုင်မှုကိုထိန်းသိမ်း၍ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်သွားရေး၊ (၄) မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား ၏အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီသတ်မှတ်ထားသော ဗို့အားအဆင့်နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုအနည်းဆုံးဖြင့်ပို့လွှတ်နိုင်ရေး၊ (၅) မြန်မာနိုင်ငံမှာရေအားလျှပ်စစ်ထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များဖြည့်ဆည်းပေးရန်၊ ဓာတ်ငွေ့တာဘိုင်စက်များကြံ့ခိုင်မှု ကောင်းမွန်၍စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်ရေး၊ (၆) သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အား ပေးစက်ရုံများအား ကာလတိုအဖြစ်ရည်မှန်းဆောင်ရွက်လုပ်ကိုင်ရန်နှင့် ရေအားလျှပ်စစ်ကိုအဓိက စွမ်းအင်အရင်းအမြစ်အဖြစ်မှီခိုအားထားဆောင်ရွက်ရန်၊ (၇) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လျှပ်စစ်ဓာတ်အားပိုမိုရရှိစေရေးထုတ်လုပ်ဖြန့်ဖြူးရန်၊ (၈) အနာဂတ်မှာလျှပ်စစ်ဓာတ်အားလုံလောက် မှုရှိစေရန်အတွက် လျှပ်စစ်ဓာတ်အားလေလွင့်မှုများလျှော့ချရန်နှင့် ထိန်သိမ်းရန်၊ (၉) စွမ်းအင်အရင်း အမြစ်အသစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးမြှင့်သွားရန်တို့ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆောင်ရွက်ဆဲလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်၍ သင့်လျော်သည့်အချိန်ကာလအတိုင်း နိုင်ငံတော်ပိုင်သတင်းစာ၊ အသံလွှင့်ဌာနများမှာ အခါအားလျော်စွာ စီစဉ်ထည့်သွင်းလျက်ရှိပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပြည်ထောင်စုအစိုးရအဖွဲ့တို့သို့ တင်ပြခွင့်ပြုချက်ရယူပြီးဖြစ်သော စီမံကိန်းအသစ်များ ဆောင်ရွက်ရန်ရှိလာပါကလည်း သတင်း ထုတ်ပြန်ပေးနိုင်ခြင်းရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**သူဌေးရေအားလျှပ်စစ်စီမံကိန်း၏ ပြောင်းရွှေ့ပေးခဲ့ရသော ကျေးရွာသူကျေးရွာသားများအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကိုသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးရဲထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ကျွန်တော် တို့ ရခိုင်ပြည်နယ် သံတွဲမြို့မှာ သူ့ဌေးချောင်းရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်လျက်ရှိနေပါ တယ်။ ရေအားလျှပ်စစ်စီမံကိန်းပြီးပါက ရေဝပ်ဧရိယာအတွင်းကို ကျရောက်မယ့် ကျေးရွာသုံးရွာ မယ်ဝရွာ၊ ပရစ်ရွာ၊ ရေကောက်ရွာဆိုပြီး ရွာသုံးရွာရှိပါတယ်။ ပင်မရေလှောင်တမံတည်ဆောက်မယ့် နေရာမှာကျရောက်တဲ့ မယ်ဝကျေးရွာကို တမံအုတ်မြစ်ရေစိမ့်တားနိုင်ရန် တည်ဆောက်ပြီးစီးသွားလို့ ၂၀၀၉ ခုနှစ် ဧပြီလကုန်ခန့်က ပထမဦးဆုံးပြောင်းရွှေ့နေရာချထားပေးခဲ့ပါတယ်။ သံတွဲခရိုင် ခယက၊ သံတွဲမြို့နယ် မယက၊ ရေအားလျှပ်စစ်စီမံကိန်းတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ အိမ်ထောင်စု ၄၁ စု၊ လူဦးရေ ၁၈၆ ဦး၊ ဘုန်းကြီးကျောင်း တစ်ကျောင်းတို့ကို ကျေးရွာသစ်အဖြစ်အကွက်ရိုက်ပြီးတော့ လမ်းများဖောက်လုပ်ပေးခြင်း၊ နေအိမ်များဆောက်လုပ်ပေးခြင်းတို့ကို ဆောက်ရွက်ပေးခဲ့ပါတယ်။ မယ်ဝ ကျေးရွာသားများဟာ မူလက သူ့ဌေးချောင်းကမ်းနားဘေးမှာ လယ်ယာများစိုက်ပျိုးလုပ်ကိုင် ပြီးတော့ အသက်မွေးခဲ့ပါတယ်။ မယ်ဝကျေးရွာသားများ လုပ်ကိုင်ကြတဲ့ လယ်မြေယာမြေများက လယ်မြေ ၅၂.၆၈ ဧကနှင့် ယာမြေ ၂၆.၇၉ ဧက၊ စုစုပေါင်း ၇၉.၄၇ ဧကဖြစ်ပြီးတော့ အဲဒီလယ်ယာမြေ တွေကို ကျေးရွာပြောင်းရွှေ့တဲ့အခါမှာ မူလနေရာမှာပဲ စွန့်ပစ်ပြီးတော့ ချန်ထားခဲ့ရပါတယ်။ အသစ် ပြောင်းရွှေ့လာတဲ့ကျေးရွာဟာ မူလကျေးရွာနဲ့ ၄ မိုင်လောက်ဝေးပါတယ်။ ကျေးရွာပြောင်းရွှေ့ပြီးတော့ အဲဒီလယ်ယာမြေများကို အစားထိုးဖော်ထုတ်ပေးမယ်ဆိုပြီးတော့ လျာထားချက်ရှိသော်လည်း ဒီနေ့ အထိ ဖော်ထုတ်ပေးခြင်းမရှိသေးပါ။ အခုအခါ ကျေးရွာသူကျေးရွာသားများမှာ အလုပ်အကိုင် အတည်တကျမရှိတဲ့အတွက်ကြောင့် ရေကြည်ရာမြက်နုရာ အလုပ်လုပ်ကိုင်တဲ့ နေရာများကိုသွား ရောက်လုပ်ကိုင်ကြပြီးတော့ ရွာမှာနေထိုင်ကြတဲ့သူ နည်းလာတဲ့အတွက်ကြောင့် နေအိမ်များလည်း ပျက်စီးယိုယွင်းလာကြပါတယ်။ ပြောင်းရွှေ့လာခဲ့တဲ့ ကျေးရွာသူကျေးရွာသားများရဲ့ လယ်ယာမြေ များကို အစားထိုးအသစ်ပြန်လည်ဖော်ထုတ်ပေးပါက မူလလယ်ယာလုပ်ငန်းတွေကို ပြန်လည်လုပ်ကိုင် ပြီးတော့ ကျေးရွာမှာပဲပြန်ပြီးတော့ နေထိုင်နိုင်ကြမှာဖြစ်ပါတယ်။ ဒါ့အပြင် မူလပြောင်းရွှေ့စဉ်က အစိုးရပိုင်မြေလွတ်တောင်ကုန်းဆိုပြီးတော့ တောရှင်း၊ မြေညှိ၊ အကွက်ရိုက်၊ လမ်းဖောက် အိမ်နေရာ အကွက်တွေချပေးခဲ့ပါတယ်။ အခု ၂၀၁၂ ခုနှစ်၊ မေလဆန်းမှာ ကျေးရွာသူကျေးရွာသားများက

အခုမိမိတို့ကို ပြောင်းရွှေ့နေရာချထားပေးတဲ့ အိမ်မြေနေရာများကို မူလပိုင်ရှင်များဆိုတဲ့သူတွေက အခုနေရာမှ ထွက်ခွာသွားရန် ထင်း၊ အိမ်သုံးဝါးပင်မခုတ်ရဆိုပြီးတော့ တားမြစ်ဟန့်တားနေပြီး အန္တရာယ်ပြုမယ့်အထိ အဓမ္မလုပ်ဆောင်လာကြတဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော်ဆီကို တင်ပြလာကြပါတယ်။ ဒါကြောင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး၊ မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ရေအားလျှပ်စစ်စီမံကိန်းတို့မှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းကွင်းဆင်းပြီးတော့ ပိုင်ရှင်ဆိုတဲ့လူများနှင့် ယာယီ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ကျေးရွာကိုပြောင်းရွှေ့စဉ်က မြေနေရာရှင်းလင်းပြီးတော့ ရွာတည်ပေးသော်လည်း မူလကတည်းက ကျေးရွာရဲ့နယ်နိမိတ်၊ ကျေးရွာပိုင်ဘုံမြေလွတ် စသည်ဖြင့်ကို တိတိကျကျတိုင်းတာပြီးတော့ မှတ်တိုင်စိုက်သတ်မှတ်ပေးခဲ့ခြင်းမရှိလို့ဖြစ်ပါတယ်။ နှစ်ကြာလာတဲ့အခါမှာတော့ အခုလို အငြင်းပွားမှုများဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် တိကျတဲ့နယ်နိမိတ်များကို တိုင်းတာပြီးတော့ သတ်မှတ်ပေးနိုင်ပါရန် တင်ပြပါတယ်။ ကျန်ရှိနေတဲ့ ပုရစ်ရွာ၊ ရေကောက်ရွာ ရွာ နှစ်ရွာကတော့ မူလနေရာမှာပဲ ရှိနေသေးပြီးတော့ မပြောင်းရွှေ့ရသေးပါဘူး။ ရေအားလျှပ်စစ်စီမံကိန်း ပြီးလုနီးမှ ပြောင်းရွှေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် သူဌေးရေအားလျှပ်စစ်စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရတဲ့ မယ်ဝကျေးရွာသူကျေးရွာသားများရဲ့ (၁) အလုပ်အကိုင်ဖြစ်သော လယ်ယာမြေ ၇၉.၄၇ ဧက အား ကျေးရွာအနီးတွင် ပြန်လည်ဖော်ထုတ်နေရာချထားပေးနိုင်ပါမည်လား။ (၂) နွေရာသီတွင် သောက်သုံးရေအလွန်ရှားပါးသဖြင့် ကျေးရွာသို့ စိမ့်စမ်းရေသွယ်လုပ်ငန်းဖြင့် သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ပါမည်လား။ (၃) ကျေးရွာအတွင်းရှိ မူလဖောက်လုပ်ပေးခဲ့သော လမ်းတံတားများမှာ တောင်ကျရေတိုက်စားပြီး ပျက်စီးနေသဖြင့် ပြန်လည်ပြုပြင်ပေးနိုင်ပါမည်လား။ (၄) ကျေးရွာမှ ကလေးများစာသင်ကြားနိုင်ရန် အစိုးရမူလတန်းကျောင်း သို့မဟုတ် တွဲဖက် အမကအဖြစ် ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ပါမည်လားဟု မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်ဇော် (ဒုတိယဝန်ကြီး၊အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ထပ်လောင်း၍ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်ဇော် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းမှ မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းများအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်မှာ သူငွေးရေအားလျှပ်စစ်စီမံကိန်း ၁၁၁ မဂ္ဂါဝပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ သူငွေးရေအားလျှပ်စစ်စီမံကိန်းမှာ ရေလှောင်တမံ ပါဝင်တည်ဆောက်ရမည်ဖြစ်တဲ့အတွက် ရေလှောင်တမံ ရေဝပ်ဧရိယာအတွင်း မယ်ဝကျေးရွာ၊ ပုရစ်ကျေးရွာ၊ ရေကောက်ကျေးရွာများ ကျရောက်နေတဲ့အတွက် ကျေးရွာများပြောင်းရွှေ့ရေးစီမံချက်တစ်ရပ်ကို ၂၀၀၉ ခုနှစ်၊ ဧပြီလမှာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဦးဆောင်မှုဖြင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် ကျေးရွာပြောင်းရွှေ့နေရာချထားရေး စီမံချက်တစ်စောင် ပြုစုခဲ့ကြပါတယ်။ ကျေးရွာများအတွက် နေရာရွေးချယ်ရာမှာလည်း ကော်မတီဝင်များနှင့် ကျေးရွာတာဝန်ရှိသူများ အကြိမ်ကြိမ်ကွင်းဆင်း၍ ရွေးချယ်ခဲ့ရာ အတည်ပြုခဲ့သည့်နေရာမှာ တမံအောက်ဘက် ၄ မိုင်ခန့်အကွာ တောင်ကုတ်-သံတွဲ ကားလမ်းမကြီးမှ ၁ မိုင်ခွဲခန့်အကွာ စီမံကိန်း လက်ဝဲဘက်ချဉ်းကပ် လမ်းနံဘေးမှာ ရွေးချယ်နိုင်ခဲ့ကြပါတယ်။ အဆိုပါနေရာမှာ ကျေးရွာ ၃ ရွာ ပေါင်း၍ စုပေါင်းစံပြကျေးရွာအဖြစ်ဆောင်ရွက်ရန် စီမံခဲ့ကြခြင်းလည်းဖြစ်ပါတယ်။

အဆိုပါ စီမံချက်အရ ၂၀၀၉ ခုနှစ်၊ မတ်လမှာ တမံစိမ့်ရေတားကွန်ကရစ်နံရံပြီးစီးပါက တမံအထက်ဘက် မိုင်ဝက်ခန့်အကွာမှာ အနီးကပ်ဆုံးရှိနေတဲ့ မယ်ဝကျေးရွာ အနိမ့်ပိုင်းများ ရေနစ်မြုပ်မည်ဖြစ်သဖြင့်လည်းကောင်း၊ စက်ယန္တရားကြီးများ လှုပ်ရှားဆောင်ရွက်ရာမှာ မတော်တဆ ထိခိုက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက်လည်းကောင်း၊ ကြီးမားတဲ့တမံလုပ်ငန်းခွင်နှင့် နီးကပ်လွန်း၍လည်းကောင်း၊ ကြိုတင်ပြောင်းရွှေ့ပေးရန် လိုအပ်လာတဲ့အတွက် ၂၀၀၉ ခုနှစ်၊ ဧပြီလမှာ စီမံချက်ပါ ကော်မတီအသီးသီးမှကြီးကြပ်ပြီး ရွှေ့ပြောင်းပေးခဲ့ပါတယ်။ ဦးစွာ ပြောင်းရွှေ့ပေးခဲ့တဲ့ မယ်ဝကျေးရွာမှာ ထိုစဉ်က တောင်းခံခဲ့တဲ့စာရင်းအရ လူနေအိမ်ခြေ ၄၀ လုံး၊ အိမ်ထောင်စု ၄၁ စု၊ လူဦးရေ ၁၈၆ ဦးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းပါရှိရာ ပြောင်းရွှေ့ရေးနှင့် ပြန်လည် ဆောက်လုပ်ရေး၊ ရွာတွင်းလမ်းများ ဖောက်လုပ်ရေးတို့ကို စီမံချက်ပါကော်မတီများနှင့် ရွာသူရွာသားများပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျေးရွာရွှေ့ပြောင်းပေးခဲ့သော်လည်း မြစ်ရေလွှဲခြင်း လုပ်ငန်းမဆောင်ရွက်မီကာလအတွင်း မူလကျေးရွာဟောင်း၏ လယ်မြေအများစုမှာ ရေလွှတ်နေသေး

ခြင်းနှင့် အဓိကတမံလုပ်ငန်းများ မစတင်နိုင်သေးတဲ့အတွက်ကြောင့် ၎င်းတို့၏ မူလလယ်မြေများမှာ ယနေ့ အထိ သွားရောက်လုပ်ကိုင်စားသောက်နေကြကြောင်းလည်း တွေ့ရှိရပါတယ်။ မည်သို့ပင်ဖြစ်စေကာမူ မေးခွန်း (၁) ပါ လယ်မြေဖော်ထုတ်မှုနှင့်စပ်လျဉ်း၍ လာမည့်ပွင့်လင်းရာသီမှာ လယ်မြေဖော်ထုတ်မှုများကို စီမံကိန်းနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများညှိနှိုင်းပြီး စီမံချက်ပါအတိုင်း ပြန်လည်ဖော်ထုတ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျေးရွာရေရရှိရေးအတွက် မိုးရာသီမှာ စိမ့်စမ်းများစီးဆင်းနေတဲ့အတွက် အခက်အခဲမရှိသော်လည်း နွေရာသီရေရရှိရေးအတွက် စီမံကိန်းမှ ပစ္စည်းပံ့ပိုးမှုပြုပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ကြီးကြပ်မှုဖြင့် အလျားပေ ၂၀၀၀ ခန့်ရှိသော ပိုက်လိုင်းငယ်တစ်ခုကို ၂၀၁၂ ခုနှစ် နွေရာသီမှာ ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့သော်လည်း ၎င်းရေထွက်မှ ရေလုံလောက်မှုမရှိတဲ့အတွက် နွေရာသီမှာ ရေထွက်ကောင်းမယ့် စိမ့်စမ်းအသစ်များရှာဖွေ၍ ပိုက်လိုင်းတိုးချဲ့သွယ်တန်းခြင်း၊ ရေလှောင်ကန်များပြုလုပ်၍ စုဆောင်းစေခြင်းစနစ်များ ပြောင်းလဲပြုလုပ်ရမည်ဖြစ်ရာ လာမယ့် ပွင့်လင်းရာသီမှာ စီမံကိန်းနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများညှိနှိုင်းပြီးတော့ အဆင်ပြေအောင် တိုးချဲ့ဆောင်ရွက်လုပ်ကိုင်ပေးသွားမည်ဖြစ်ပါကြောင်း မေးခွန်း(၂)အား ဖြေကြားအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျေးရွာသစ်ဖော်ထုတ်ပေးထားတဲ့နေရာဟာ စီမံကိန်းနှင့် သံတွဲ-တောင်ကုတ်လမ်း ဆက်သွယ်တဲ့ စီမံကိန်းချဉ်းကပ်လမ်းဘေးမှာ တည်ရှိသည့်အတွက် ကျေးရွာပြင်ပ ဆက်သွယ်ရေးလမ်းအတွက် အခက်အခဲမရှိပါဘူး။ သို့သော်လည်းပဲ ကျေးရွာတွင်းမှာ ဖောက်လုပ်ပေးထားတဲ့လမ်းများမှာ ထိန်းသိမ်းမှုအားနည်းခြင်းကြောင့်လည်းကောင်း၊ မိုးများရာဒေသဖြစ်သဖြင့် လည်းကောင်း ပျက်စီးမှုများရှိရာ စီမံကိန်းနှင့် သက်ဆိုင်ရာကျေးရွာသူကျေးရွာသားများပူးပေါင်းပြီး လာမယ့်ပွင့်လင်းရာသီမှာလည်းပဲ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မေးခွန်းနံပါတ် (၃)အား ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မူလကျေးရွာ ၃ ရွာအနက် ပုရစ်ရွာနှင့် ရွာကောက်ရွာတို့မှာ မူလတန်းကျောင်း တစ် ကျောင်းစီရှိသော်လည်း မယ်ဝကျေးရွာမှာတော့ မူလတန်းကျောင်း ယခင်ကတည်းကမရှိပါဘူး။ ရွာများပြောင်းရွှေ့ပြီးစီးပါက စုပေါင်းစံပြကျေးရွာဖြစ်လာမယ့်နေရာမှာ ကျောင်းသားအင်အား ၁၅၀ ခန့်ထိ

သင်ကြားနိုင်မယ့် မူလတန်းကျောင်းတစ်ကျောင်း စီမံချက်ပါရှိသော်လည်း ယခုအချိန်အထိ တစ်ရွာသာ ပြောင်းရွှေ့ရတဲ့အတွက် ကျောင်းသားအင်အား လွန်စွာနည်းပါးနေသေးရာ ယခုမယ်ဝရွာသစ်မှ ၃ မိုင် ခန့်အကွာမှာရှိတဲ့ ရွှေလေ့ကျေးရွာ အထက်တန်းကျောင်းကို ကျွန်တော်တို့ရဲ့ သဗ္ဗေရေအား လျှပ်စစ်စီမံကိန်း ဝန်ထမ်းများရဲ့သားသမီးများ ကျောင်းသူကျောင်းသားများနှင့် ပူးပေါင်းပြီးတော့ နေ့စဉ် အသွားအပြန် ကျောင်းကားတစ်စီးဖြင့် အဆင်ပြေစွာသွားလာနိုင်ရေး စီမံဆောင်ရွက်ပေးထား ပြီးဖြစ်ပါကြောင်း နောက်ဆုံးမေးခွန်းအား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်၏ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ မိမိအစီအစဉ်ဖြင့် အပေါ့အပါးသွားလိုက သွားနိုင်ကြောင်း တင်ပြပါတယ်။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး သတ္တမနေ့မှာ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တင်သွင်း ထားတဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေး အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၂၇ ဦးက အမည်စာရင်းတင်သွင်း ထားပါတယ်။ ယနေ့မှာတော့ ၆ ဦးသာဆွေးနွေးဖို့လျာထားပါတယ်။ ဦးစွာ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူအားဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ဝန်ကြီးများ၊ အထူး ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါ တယ်ရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်သလို ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီရဲ့ အတွင်းရေးမှူးတစ်ဦးလည်းဖြစ်ပါတယ်။ ဒီကနေ့ ကျွန်မအနေနဲ့ တိုင်းရင်းသားလူမျိုးများ ရဲ့ကိစ္စရပ်များကို မဆွေးနွေးခင်မှာ ကျွန်မတို့ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့လုပ်ဆောင်မှုကို အနည်းငယ်ဦးစွာ တင်ပြလိုပါတယ်။ ကျွန်မတို့ ပြည်သူ့လွှတ်တော်မှာရှိတဲ့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့

ဥက္ကဋ္ဌဖြစ်တဲ့ ဦးသိန်းဇော်နှင့်တကွ အမျိုးသားလွှတ်တော်မှာရှိတဲ့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဦးဆိုင်းပေါင်းနပ်တို့က ဦးဆောင်ပြီးမှ လွှတ်တော်ရဲ့ ခွင့်ပြုချက်နှင့်အညီ ပြီးခဲ့တဲ့ တတိယပုံမှန်အစည်းအဝေးပြီးတဲ့အခါမှာ ကျွန်မတို့က ကော်မတီနှစ်ရပ်ပူးပေါင်းပြီးမှ ကျွန်မတို့ မြန်မာနိုင်ငံအနှံ့အပြားကို တိုင်းရင်းသားတွေနဲ့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ကျွန်မတို့ ပြည်သူ့လွှတ်တော်ကော်မတီ ဦးသိန်းဇော်ဦးဆောင်တဲ့အဖွဲ့က ရန်ကုန်တိုင်းကနေစပြီးမှ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ချင်းပြည်နယ်တို့ကို ရောက်ရှိခဲ့ပါတယ်။ ထိုအတူ အမျိုးသားလွှတ်တော်မှ တိုင်းရင်းသားကော်မတီ ဦးဆိုင်းပေါင်းနပ် ဦးဆောင်တဲ့အဖွဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ကိုရောက်ရှိခဲ့ပြီး ကျွန်မတို့နှစ်ဖွဲ့ပြန်ပူးပေါင်းပြီးမှ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ကို ရောက်ရှိခဲ့ပါတယ်။ အဲဒီဒေသတွေမှာ သက်ဆိုင်ရာဒေသများမှာရှိတဲ့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့်အတူ သက်ဆိုင်ရာဒေသအသီးသီးမှာရှိတဲ့ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ရပ်မိရပ်ဖတွေ၊ ရိုးရာအဖွဲ့တွေ ဖွဲ့စည်းပေါင်းစုံတဲ့ နိုင်ငံရေးအဖွဲ့အစည်းအားလုံး၊ ရပ်မိရပ်ဖတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံခဲ့ပြီးတဲ့နောက် ကျွန်မတို့ နေပြည်တော်မှာပြန်လည်ပြီးမှ တိုင်းရင်းသားတွေရဲ့ တင်ပြချက်ဆန္ဒတွေကို ပူးပေါင်းစိစစ်ပြီးမှ ကျွန်မတို့ကော်မတီနှစ်ရပ်အနေနဲ့ ကျွန်မတို့ဥပဒေပိုင်းဆိုင်ရာတွေ၊ အဆိုပိုင်းဆိုင်ရာတွေ၊ မေးခွန်းပိုင်းဆိုင်ရာတွေကို ကျွန်မတို့ ခွဲခြားသတ်မှတ်ခဲ့ပါတယ်။ ဒီလိုသွားရောက်ခဲ့တဲ့အခါမှာ ကျွန်မတို့နဲ့အတူ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်မှာထားရှိထားတဲ့ ပညာရှင်များဖြစ်တဲ့ ကော်မရှင်များမှ ဥပဒေပညာရှင်များလည်းလိုက်ပါခဲ့ပါတယ်။ ၎င်းတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပြီး ကျွန်မတို့ရဲ့ဥပဒေဆိုင်ရာကိစ္စရပ်များ၊ အဆိုများ၊ မေးခွန်းများကို ကျွန်မတို့ အခုအချိန်မှာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်မှာ ကော်မတီဝင်များအနေနဲ့ ဆွေးနွေးမှုများပြုလုပ်သွားမှာဖြစ်ကြောင်းကို ကျွန်မတို့ ကော်မတီရဲ့ဆောင်ရွက်ချက်များကို ဦးစွာ လွှတ်တော်သို့ တင်ပြအပ်ပါတယ်ရှင်။ ယနေ့ ဆွေးနွေးမှုမှာကတော့ ကော်မတီအနေနဲ့ ဆွေးနွေးခြင်းမဟုတ်ဘဲနဲ့ တိုင်းရင်းသူတစ်ဦးအနေနဲ့ ကျွန်မရဲ့တွေ့မြင်ခံစားချက်၊ ကျွန်မရဲ့ ရပ်တည်ချက်ပေါ်မူတည်ပြီး ဆွေးနွေးသွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မရဲ့ဆွေးနွေးချက်မှာ ဥပဒေကိုးကားချက်များ ပါဝင်တဲ့အတွက် အချက်အလက်များကို ကြည့်ရှုဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ယနေ့ ရှမ်းပြည်နယ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် တင်သွင်းခဲ့တဲ့ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးကာကွယ် စောင့်ရှောက်တဲ့ဥပဒေပြဋ္ဌာန်းရေးအဆိုကို အချက်နှစ်ချက်တင်ပြပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ ဆွေးနွေးလိုတာကတော့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ် စောင့်ရှောက်တဲ့ဥပဒေပြဋ္ဌာန်းရန် အမှန်တကယ်လိုအပ်ပါသလားဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်ရဲ့အခြေခံမူများ ပုဒ်မ ၃ မှာ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် တိုင်းရင်းသားလူမျိုးများရဲ့ဖွံ့ဖြိုးတိုးတက်ခြင်းဟာ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှုဖြစ်တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းတစ်လျှောက်မှာလည်း တိုင်းရင်းသားများဟာ သွေးစည်း ညီညွတ်စွာနဲ့အတူလက်တွဲခဲ့ကြတယ်။ ယနေ့အချိန်အခါမှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးသည် နိုင်ငံအတွက် အရေးကြီးဆုံးကိစ္စရပ်တစ်ခုဖြစ်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ(က)မှာ တိုင်းရင်းသားများရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပါတယ်။ ယနေ့ကျွန်မတို့ရဲ့နိုင်ငံမှာ လူအများစုတိုင်းရင်းသားများဖြစ်တဲ့ ဗမာလူမျိုးတိုင်းရင်းသားများရဲ့ စာပေနှင့်စကားကို ရုံးသုံးစာ၊ ရုံးသုံးစကားဖြင့် သတ်မှတ်ထားရာ ကျန်လူနည်းစုတိုင်းရင်းသားအားလုံးနဲ့ နိုင်ငံသားများအားလုံးက ဗမာစာပေကို အလေးထားသင်ကြားလျက်ရှိကြသလို ဗမာစကားကိုလည်း ကျယ်ပြန့်စွာ အသုံးပြု လျက်ရှိနေပါတယ်။ ထိုအတူ လူနည်းစုတိုင်းရင်းသားလူမျိုးများရဲ့ စကားနှင့်စာပေကိုလည်း တန်ဖိုးထားပြီးလေ့လာ သင်ကြားအသုံးပြုခွင့်ပေးဖို့လည်း လိုအပ်ပါတယ်။ ပုဒ်မ ၂၂ ပုဒ်မခွဲ(က)မှာ လူနည်းစုတိုင်းရင်းသားများရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု တို့ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မယ်လို့ အားတက်ဖွယ်ပြဋ္ဌာန်းထားသော်လည်း ယနေ့တိုင် လက်တွေ့ကျသော ကူညီဆောင်ရွက်ပေးမှုများမရှိသေးတဲ့အတွက် လွှတ်တော်မှာ တိုင်းရင်းသား လူနည်းစုများကတောင်းဆိုနေရဆဲဆိုတာ လွှတ်တော်ကိုယ်စားလှယ်အားလုံးအသိ ဖြစ်ပါတယ်။ ပုဒ်မ ၂၂ ပုဒ်မခွဲ(ခ)မှာတော့ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး နှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်လို့ပြဋ္ဌာန်းထားပါတယ်။

တိုင်းရင်းသားအချင်းချင်းဆိုရာမှာ လူအများစုတိုင်းရင်းသားများဖြစ်တဲ့ ဗမာတိုင်းရင်းသားများ၊ လူနည်းစုတိုင်းရင်းသားများဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ နာဂ၊ ဓနု၊ ပအို့ဝ်၊ ပလောင်၊ ကိုးကန့်၊ ဝ စတဲ့ တိုင်းရင်းသားများနဲ့ ဖော်ပြပါတိုင်းရင်းသားများမှ မျိုးခွဲမျိုးနွယ်စုအားလုံးကို ဆိုလိုကြောင်း ကျွန်မအနေနဲ့ နားလည်သဘောပေါက်မိပါတယ်။ ပြည်ထောင်စုတိုင်းရင်းသား မောင်နှမများဟာ လူဦးရေနည်းခြင်း၊ များခြင်းကို ပဓာနမထားဘဲ အချင်းချင်းချစ်ခင်လေးစား ရိုင်းပင်းကူညီမှုနှင့် စည်းလုံးညီညွတ်ရေးဟာ အထူးပင်အရေးကြီးတဲ့ အဓိကကိစ္စရပ်ဖြစ်ပါတယ်။ တိုင်းရင်းသားများဟာ မြန်မာ့သမိုင်းတစ်လျှောက်မှာ အရေးကြီးရင် သွေးနီးခဲ့ကြသလိုပဲ ယနေ့အချိန်မှာလည်း တိုင်းရင်းသားလူမျိုးတစ်မျိုးရဲ့ဒုက္ခဟာ ကျန်တိုင်းရင်းသားအားလုံးရဲ့ဒုက္ခပဲလို့ မှတ်ယူပြီး ဝိုင်းဝန်းကူညီအားပေးမှုတွေ မျှဝေခံစားမှုတွေရှိနေဆဲ ဖြစ်ပါတယ်။ ဒီသဘောတရားတွေ ထာဝစဉ် ရှင်သန်ဖွံ့ဖြိုးဖို့ အသေးစိတ်ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် အရေးကြီးပါကြောင်းတင်ပြလိုပါတယ်။ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)မှာ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟုပြဋ္ဌာန်းထားသဖြင့် ဝေးလံခက်ခဲဒေသများ၊ တောင်ပေါ်ဒေသရှိ လူနည်းစု တိုင်းရင်းသားများအတွက် အားတက်ဖွယ် အခွင့်အရေးတစ်ခုဖြစ်သကဲ့သို့ မြေပြန့်ဒေသများရှိ မဖွံ့ဖြိုး မတိုးတက်သေးသောဒေသများရှိ တိုင်းရင်းသားများအတွက်လည်း အကျိုးဝင်သည့် မူဝါဒများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ အဲဒီမူဝါဒများဟာ အမှန်တကယ် သက်ဝင်လှုပ်ရှားပြီး တိုင်းရင်းသားပြည်သူလူထု လက်ဝယ်သို့ စနစ်ကျနစွာရောက်ရှိနိုင်ရေး ပေးထားသည့်အခွင့်အရေး များကို အပြည့်အဝခံစားရရှိရေးတို့မှာ အထူးပင်လိုအပ်လျက်ရှိနေပါကြောင်း လွှတ်တော်သို့ တင်ပြ လိုပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ မြန်မာနိုင်ငံအတွင်းက ပြည်ထောင်စုဖွားလူနည်းစု တိုင်းရင်းသားများအားလုံးဟာ တန်းတူညီအခွင့်အရေးများရရှိရေး၊ တရားမျှတရေး၊ ခွဲခြားဆက်ဆံမှု ပပျောက်ရေးနှင့် လူ့အခွင့်အရေးများရရှိရေးတို့အတွက် နည်းအမျိုးမျိုးနဲ့တောင်းဆိုလျက်ရှိနေကြ ပါတယ်။ ယခင်က လက်နက်ကိုင်ပြီး တောင်းဆိုခဲ့ကြပါတယ်။ ယခုအခါမှာ လွှတ်တော်ကနေမှ တောင်းဆိုမှုတွေရှိခဲ့ကြသလို ယခင်ကလက်နက်ကိုင်ခဲ့တဲ့ တိုင်းရင်းသားတော်တော်များများဟာလည်း ယနေ့ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး ဥပဒေဘောင်ထဲကနေ အခွင့်အရေးများ ရရှိဖို့အတွက် ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေကြပြီဖြစ်ပါတယ်။ တောင်းဆိုမှုနည်းလမ်းတွေ ကွာခြားပေမယ့်လည်း

ရည်ရွယ်ချက်ချင်းကတော့ တူညီနေပြီး ရောက်ရှိမည့်ပန်းတိုင်ကလည်းတစ်ခုတည်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များရှင်။ အဆိုရှင် ဦးတီခွန်မြတ်ရဲ့အဆိုအပေါ် လွှတ်တော်မှာရှိတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံက မိမိတို့ရဲ့အတွေးအမြင်များနှင့် ခံစားချက်မျိုးစုံကို ဖော်ထုတ်ကြလိမ့်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်မိပါတယ်။ ကျွန်မအနေနဲ့လည်း ကချင်တိုင်းရင်းသူတစ်ဦးဖြစ်တဲ့အပြင် ကျွန်မနဲ့အတူ ကချင်မျိုးနွယ်စုများ၊ ကချင်ပြည်နယ်မှာအတူနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးရဲ့ ခံစားနေရမှုများကိုလည်း အနည်းငယ်မျှဝေလိုပါတယ်။ ယနေ့ ကျွန်မတို့ ကချင်တိုင်းရင်းသားလူမျိုးများဟာ အခွင့်အရေးအတွက်တိုက်ပွဲဝင်ရင်းနှင့် ကြီးမားတဲ့ အခွင့်အရေးဆုံးရှုံးမှုတွေကို တွေ့ကြုံနေကြရပါတယ်။ စစ်မက်ဖြစ်ပွား၍ သေကြေရခြင်း၊ လယ်ယာအိုးအိမ်များပစ်ပယ်၍ ပြေးလွှားတိမ်ရှောင်နေရခြင်း၊ အလုပ်အကိုင်မဲ့ဖြစ်ရခြင်းများ၊ လူမမယ်ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ အထူးဒုက္ခရင်ဆိုင်ရခြင်း၊ ပညာရေး၊ ကျန်းမာရေး ထိခိုက်ရခြင်းမှအစ လူမှုဒုက္ခအဖုံဖုံကို နေ့စဉ်ကြုံတွေ့နေကြရပါတယ်။ အယုံအကြည်မဲ့ခံရခြင်းနှင့် ပတ်သက်တဲ့ ကိစ္စများအပါအဝင် အခြားသောစိတ်ပိုင်းဆိုင်ရာ ဝေဒနာမျိုးပေါင်းများစွာကိုလည်း တစ်ဆက်တစ်စပ်တည်းခံစားနေကြရပါတယ်။ စစ်မက်ဖြစ်ပွားတဲ့ဒေသများအပြင် မြို့ပေါ်ဒေသတွေမှာလည်း မိုင်းကွဲပေါက်ကွဲမှုတွေကြောင့် အချိန်ပြည့်စိုးရိမ်ထိတ်လန့်နေကြရပါတယ်။ ယနေ့ လွှတ်တော်မှာရှိနေကြတဲ့ ကချင်ပြည်နယ်က ကိုယ်စားလှယ်များသည်ပင်လျှင် စိတ်ငြိမ်သက်ခြင်းကင်းမဲ့စွာနဲ့ သောကများစွာနှင့် လွှတ်တော်တက်နေကြရခြင်းဖြစ်ကြောင်း လွှတ်တော်သို့တင်ပြလိုပါတယ်။ ယနေ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေထဲမှာ အပစ်အခတ်မရပ်သေးတဲ့အဖွဲ့ကတော့ ကချင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ KIO၊ KIA အဖွဲ့ပဲဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ ယခင်တပ်မတော်အစိုးရလက်ထက်က ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲခဲ့ပြီး တိုင်းရင်းသားများတန်းတူညီအခွင့်အရေး၊ ကိုယ့်ကြမ္မာကို ဖန်တီးနိုင်ရေးတို့အတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့တဲ့ အမျိုးသားညီလာခံကိုလည်း အစ၊ အလယ်၊ အဆုံးပြီးစီးသည်အထိ တက်ရောက်ခဲ့တဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရာမှာလည်း အားပေးထောက်ခံမှုများစွာ ရှိခဲ့ပါတယ်။ သို့သော် အစိုးရအဖွဲ့အပြောင်းအလဲမပြုခင် ဆွေးနွေးမှုများနဲ့ တိကျခိုင်မာတဲ့ တိုင်းရင်းသားအခွင့်အရေးများဖော်ဆောင်နိုင်မှုမရှိခဲ့ပါဘူး။ ထိုစဉ်က ဥပဒေပြုဆွေးနွေးပေးနိုင်မယ့် လွှတ်တော်ဆိုတာလည်း မပေါ်ပေါက်သေးတဲ့အတွက် ဆွေးနွေးမှုများရပ်ဆိုင်းကာ ယနေ့အချိန်အခါမှာ ပြန်လည်တိုက်ပွဲဝင်နေတဲ့အနေအထားသို့ ရောက်ရှိသည်မှာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်ပါတယ်။ တိုက်ပွဲ

များဆင်နွဲနေကြရင်း ဆွေးနွေးညှိနှိုင်းမှုများကိုလည်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် စသဖြင့် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းခဲ့ပေမယ့် ယုံကြည်မှုမတည်ဆောက်နိုင်ကြသေးတဲ့အတွက် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း တိုက်ပွဲဝင်ရင်း အသက်ပေါင်းများစွာ စတေးခဲ့ရတာတွေဟာ ကျွန်မတို့ရရှိမယ့် အခွင့်အရေးနဲ့တောင် မတန်တော့ပါလားလို့ ကျွန်မအနေနဲ့ များစွာခံစားမိပါတယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းလုံးမှာ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့တိုင်းရင်းသားများရဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေကို အသေးစိတ်ရေးဆွဲပြဋ္ဌာန်းရန် မဖြစ်မနေလိုအပ်ပါကြောင်း ဤလွှတ်တော်သို့ ပထမအချက်အနေနဲ့တင်ပြအပ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ဒုတိယအချက်အနေနဲ့ဆွေးနွေးလိုတာကတော့ ဘယ်သူတွေက ဒီဥပဒေကြမ်းကို တင်သွင်းဆွေးနွေးကြမှာလဲဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ယနေ့ တိုင်းရင်းသားများနဲ့ပတ်သက်တဲ့ အခြေခံမူဝါဒများကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဇယား(၁) ပြည်ထောင်စုဥပဒေပြုစာရင်းမှာသော်လည်းကောင်း၊ ဇယား(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာသော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေကို ပြဋ္ဌာန်းရေးအတွက် တိတိကျကျဖော်ပြထားခြင်း မရှိကြောင်းတွေ့ရှိရပါတယ်။ ဥပဒေကြမ်းတင်သွင်းလာမယ့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနဆိုတာလည်း ပြည်ထောင်စုအစိုးရအဖွဲ့မှာရော၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာပါမရှိကြောင်းတွေ့ရှိရပါတယ်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ မှာ ပြဋ္ဌာန်းထားချက်အရ ဘယ်သူတွေက ဒီဥပဒေကိုပြုရမလဲဆိုတဲ့အဖြေကို တွေ့ရှိရပါတယ်။ ပုဒ်မ ၉၈ မှာ ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေပြုပိုင်ခွင့် အာဏာကို ပြည်ထောင်စုလွှတ်တော်သို့အပ်နှင်းသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်မှာပါဝင်တဲ့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်က လွှတ်တော်ကိုယ်စားလှယ်များက အဆိုရှင်တင်ပြတဲ့ဥပဒေကို ရေးဆွဲပြီးဝိုင်းဝန်းဆွေးနွေးအတည်ပြုပြဋ္ဌာန်းရမှာ ဖြစ်ကြောင်း လွှတ်တော်သို့ ဒုတိယအချက်အနေနဲ့ တင်ပြလိုခြင်းဖြစ်ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ယနေ့ ကျွန်မတို့နိုင်ငံဟာ လူဦးရေထူထပ်များပြားတဲ့ နိုင်ငံကြီးများနဲ့ အိမ်နီးချင်းဖြစ်လျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့်

နယ်စပ်ဒေသများမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော တိုင်းရင်းသားမဟုတ်သူများသည် နည်းလမ်းအမျိုးမျိုးနှင့် မြန်မာနိုင်ငံတွင် နိုင်ငံသားများအဖြစ် နေထိုင်လျက်ရှိကြသူအများအပြားရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့်တာဝန်များ ပုဒ်မ ၃၄၅ တွင် အောက်ဖော်ပြပါအရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူ

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူလို့ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်၍ ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံ၌ ဥပဒေအရ နိုင်ငံသားဖြစ်လာသူများသည် အခွင့်အရေးချင်းတန်းတူညီဖြစ်ကြောင်းတွေ့ရှိရပါတယ်။ တိုင်းရင်းသားများဖြစ်စေ၊ နိုင်ငံသားများဖြစ်စေ လူသားချင်း အတူတူဖြစ်၍ တန်းတူညီမျှမှု အခွင့်အရေးများပေးထားခြင်းဟာ မျှတတဲ့ဥပဒေဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသော်လည်း ယနေ့ မြန်မာနိုင်ငံအတွင်း၌ အတူနေထိုင်လျက်ရှိတဲ့ နိုင်ငံသားများနှင့် ဧည့်နိုင်ငံသားများရဲ့ လူမှုဘဝတွေနဲ့ တိုင်းရင်းသားများရဲ့ဘဝကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အဆင့်အတန်းများစွာကွာခြားလျက်ရှိနေတာကိုတော့ တိုင်းရင်းသူတစ်ဦးအနေနဲ့ ကြေကွဲမိပါကြောင်း လွှတ်တော်သို့တင်ပြလိုပါတယ်။ လူနည်းစုတိုင်းရင်းသားများဟာ မိရိုးဖလာ လုပ်ရိုးလုပ်စဉ် တောင်ယာခုတ်ခြင်း၊ လယ်လုပ်ခြင်း စသည်ဖြင့်သာ မိသားစုဝမ်းစာအတွက် ရုန်းကန်နေရသလို ယနေ့ လူများစုတိုင်းရင်းသားဖြစ်တဲ့ ဗမာတိုင်းရင်းသားများဟာလည်း တစ်ဝမ်းတစ်ခါးအတွက် လယ်တော၌နွားနှင့်အတူရုန်းကန်နေရသူများ အလုပ်လက်မဲ့များနှင့်တွေ့ကြုံရင်ဆိုင်နေကြရစဉ် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားရရှိထားသူများဟာ နိုင်ငံရဲ့အချက်အချာကျတဲ့ မြို့ကြီးများရဲ့ အဓိကကျတဲ့ မြို့လယ်ခေါင်များမှာ နေရာယူပြီး လုပ်ငန်းပေါင်းစုံဖြင့် ကြီးပွားချမ်းသာလျက်ရှိနေကြတာတွေ့ရပါတယ်။ ယနေ့ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ အချက်အချာဖြစ်တဲ့ မန္တလေးမြို့နှင့် ရန်ကုန်မြို့တွေမှာကြည့်မယ်ဆိုရင်လည်း ကျွန်မတို့ တိုင်းရင်းသားများဟာဆိုရင် တဖြည်းဖြည်းနဲ့ ရန်ကင်းတောင်ဘက်ရောက်နေပါပြီ။ ကျွန်မတို့ ကချင်ပြည်နယ် မြစ်ကြီးနားမှာဆိုရင် ကျွန်မတို့ရဲ့ တိုင်းရင်းသားတွေဟာဆိုရင် တဖြည်းဖြည်းနဲ့ မြို့ကနေဝေးပြီး တဖြည်းဖြည်းဝေးတဲ့ကျေးရွာတွေဘက်ကို ရောက်ရှိသွားတာကို ကျွန်မတို့တွေ့မြင်နေရပါတယ်။ အဲဒီတော့ ကျွန်မတို့တိုင်းရင်းသားများဟာ စီးပွားရေးအခြေခံက မကောင်းတဲ့အခါကျတော့ ကျန်းမာရေးကချို့တဲ့၊ ပညာရေးက မပြည့်စုံနဲ့ အစစအရာရာ နောက်ကျ

နိမ့်ပါးနေစဉ်မှာ နိုင်ငံသားရရှိထားသူများကတော့ ပြည့်စုံလုံလောက်တဲ့လူနေမှုဘဝမှာ ကျန်းမာရေး၊ ပညာရေး၊ အခြေခံကောင်းတွေကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။ တိုင်းရင်းသားတွေရဲ့ သားသမီးတွေက မူလတန်းအောင်ဖို့တောင်အနိုင်နိုင် ကြိုးစားနေရချိန်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသားတွေရဲ့ သားသမီးများကတော့ နိုင်ငံရပ်ခြားတွေမှာတောင် အဆင့်မြင့်ပညာတွေကို သင်ယူနိုင်တဲ့အနေအထားတွေရောက်နေပါတယ်။ သူတစ်ပါးရဲ့ ကြီးပွားမှုတွေကို မနာလိုမရှုဆိတ်နိုင်တဲ့အတွက် ယခုလိုတင်ပြရခြင်းမဟုတ်ပါဘူး။ လွန်စွာကွာခြားနေတဲ့တိုင်းရင်းသားများရဲ့ လက်ရှိဘဝအခြေအနေများနဲ့ အနာဂတ်အတွက်စိုးရိမ်ပူပန်မိလို့ တင်ပြရခြင်းဖြစ်ပါတယ်။ ယနေ့ ဒီမှာရှိနေကြတဲ့ ပြည်သူ့ကိုယ်စားလှယ်များအားလုံးကလည်း ဒီအခြေအနေတွေကို မျက်ကွယ်မပြုသင့်ပါဘူး။ နိမ့်ပါးနေတဲ့ ဆင်းရဲတွင်းကမထွက်နိုင်တဲ့ တိုင်းရင်းသားပြည်သူလူထုအတွက် အလေးအနက်ထားစဉ်းစားပြီး ရရှိသင့်တဲ့အခွင့်အရေးများ လက်ဝယ်အမှန်တကယ်ရရှိရေး ဆောင်ရွက်ပေးသင့်သလို ရရှိထားတဲ့အခွင့်အရေးတွေလက်လွတ်မဆုံးရှုံးရေးအတွက်နဲ့ ဘဝလုံခြုံမှုရှိစေရေးအတွက်ကိုပါ ကာကွယ်ပေးတဲ့ဥပဒေများကိုပြဋ္ဌာန်းပေးဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာဖော်ပြထားတဲ့ အခြေခံမူပေါ်မူတည်ပြီး တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြည်ထောင်စုလွှတ်တော်က အမြန်ဆုံးပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ ဒီလိုပြဋ္ဌာန်းရာမှာ တိုင်းရင်းသားများနဲ့အနီးစပ်ဆုံးဖြစ်တဲ့ အခြေခံကျတဲ့ လူ့အဖွဲ့အစည်းများဖြစ်တဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ရိုးရာလူကြီးများ၊ ဒေသခံမြို့မိမြို့ဖများနှင့်အတူ အပစ်အခတ်ရပ်စဲထားတဲ့ လက်နက်ကိုင်တိုင်းရင်းသားများနဲ့ တွေ့ဆုံညှိနှိုင်းဆွေးနွေးတိုင်ပင်၍ အကြံဉာဏ်များ၊ သဘောထားမှတ်ချက်များရယူသင့်သည့်အပြင် အပစ်အခတ်မရပ်စဲသေးတဲ့ တိုင်းရင်းသားများကိုလည်း ချန်လှပ်မထားသင့်ဘဲ တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သင့်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်ရဲ့အဆိုဟာ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်မှာ မရှိမဖြစ်ပြဋ္ဌာန်းရန်လိုအပ်သော ဥပဒေတစ်ရပ်ဖြစ်သည့်အပြင် ဒီမိုကရေစီစနစ်ဖြစ်ထွန်းရှင်သန်ရေးနှင့် နောင်နှစ်ပေါင်းများစွာ အခွန့်ရှည်တည်တံ့ရေးအတွက်လည်း အထူးအရေး

ပါတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါ၍ ဤအဆိုကို ပြည်သူ့လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် လေးလေးနက်နက်ထောက်ခံတင်ပြရင်း ကျွန်မရဲ့ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင့်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ချင်းတိုင်းရင်းသူ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ရှမ်းပြည်နယ်မှ ဦးတီခွန်မြတ်တင်သွင်းသောအဆိုကို ကျွန်မထောက်ခံဆွေးနွေးပါမယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရယူရန် တိုင်းရင်းသားများ စည်းရုံးတဲ့အချိန်မှာ အုပ်ချုပ်ရေးများ ကိုယ်ပိုင်စီရင်ပိုင်ခွင့်ပေးမည်။ တန်းတူညီတူအခွင့်အရေးခံစားမည်ဆိုတဲ့ကတိပေးသောကြောင့် လွတ်လပ်ရေးအတွက် တိုင်းရင်းသားခေါင်းဆောင်များအားလုံး ပူးပေါင်းပြီး လက်မှတ်ရေးထိုးခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် အခုအချိန်ထိ တိုင်းရင်းသားများမှာ တန်းတူညီမျှခွင့် မရသေးလို့ ခံစားရပါတယ်။ အခုအချိန်အထိ တိုင်းရင်းသားများဟာ တန်းတူညီမျှ မရသေးပါဘူးရှင့်။ လွတ်လပ်ရေးအကျိုးအမြတ် မခံစားရသေးပါဘူးရှင့်။ အထူးသဖြင့် ဥပမာ ချင်းတိုင်းရင်းသားများဟာ ဒေသမှာ သယံဇာတ ဘာမှမထွက်ဘူးဆိုပြီးမှ လမ်းပန်းဆက်သွယ်ရေး လည်း ကောင်းအောင်မလုပ်ပေးဘူး။ အမှန်ဆိုရင်ထွက်တဲ့ဒေသမှ ဝေမျှပေးရင် ပြည်ထောင်စု စိတ်ဓာတ်ပီသပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုပြီးဖြစ်စေမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ချင်းပြည်နယ်ဟာ အလွန်သာယာလှပ လှပါတယ်။ နိုင်ငံခြားသားများ ကြိုက်နှစ်သက်တဲ့ ရှုခင်း လေးတွေလေ့လာချင်တဲ့ ရိုးရာဓလေ့များ ရှိပါတယ်။ ဒါကိုအကြောင်းပြုပြီး ချင်းပြည်နယ်ကို နိုင်ငံခြားသားများသွားလာခွင့် ခရီးသွားလုပ်ငန်းလုပ်ပေးရင် ချင်းပြည်နယ်အတွက် ဝင်ငွေများစွာရရှိပြီး သားရွှေအိုးရကိန်းဖြစ်ပါတယ်။ နိုင်ငံတော်အတွက်ရော၊ ချင်းပြည်နယ်အတွက်ရော အလွန်ကောင်းမွန်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ဆွစ်ဇာလန်နိုင်ငံ သံအမတ်နှင့်တွေ့တုန်းက သူတို့နိုင်ငံမှာ လူမျိုးကွဲပြားပြီး လူမျိုးပေါင်းစုံရှိကြောင်း၊ ထိုလူမျိုးပေါင်းစုံ၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးကြောင်း စီမံခန့်ခွဲမှုကောင်းလို့ ၎င်းတို့နိုင်ငံမှာ ငြိမ်းချမ်းစွာအတူနေထိုင်ပြီး တိုင်းပြည်အလွန်တိုးတက်နေကြောင်းပြောကြားပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ချင်းတိုင်းရင်းသားများနှင့် ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသားများမှာ ဗိုလ်မှူးကြီးအဆင့်နှင့် ရာထူးကြီးမားသောအဆင့်များမှ ခွဲခြားမှုများ

လည်းရှိပါတယ်။ ဘာသာရေးအခွင့်အလမ်းများ၊ ဘာသာရေးအဆောက်အအုံများဆောက်တဲ့အခါမှာလည်း လွတ်လပ်မှုမရှိသေးပါ။ သို့ဖြစ်ပါ၍ နိဂုံးချုပ်အနေနဲ့ စာအုပ်ပေါ်မှာရှိတဲ့ ဥပဒေမဟုတ်ဘဲနဲ့ ဥပဒေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် တိုင်းရင်းသားများကာကွယ်ခြင်းဥပဒေသည် ငြိမ်းချမ်းရေးကို ထာဝရငြိမ်းချမ်းရန် အထောက်အကူဖြစ်စေကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ရှင့်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမဲဆန္ဒနယ်မှ တိုင်းလိုင်း (ခေါ်) တိုင်းနိုင်းရှမ်းတိုင်းရင်းသား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ အဆိုရှင်ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မတွေကိုတော့ ဒေါ်ဒွဲဘူက တိတိကျကျ၊ ကျကျနန ရှင်းလင်းပြသွားတဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော် မတင်ပြတော့ဘဲနဲ့ ကျွန်တော်တို့ တိုင်းလိုင်း (ခေါ်) တိုင်းနိုင်းလူမျိုးတွေရဲ့ အခြေအနေကိုပဲ ကျွန်တော် ဆက်လက်တင်ပြသွားပါမယ်။ ကျွန်တော်တို့ တိုင်းနိုင်းရှမ်းတိုင်းရင်းသားတွေဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ဟုမ္မလင်း၊ ခန္တီး၊ ဗန်းမောက်၊ ဖောင်းပြင်၊ မော်လိုက်၊ ပင်လည်ဘူး၊ ဝန်းသိုစတဲ့ မြို့နယ်များမှာ ယနေ့အချိန်အထိ ရှမ်းတိုင်းရင်းသားအဖြစ်ခံယူထားတဲ့ ရှမ်းတိုင်းရင်းသားပေါင်း ၂ သိန်းကျော်မျှရှိပါတယ်။ လူဦးရေ ၁၇၀၀၀၀ ကျော်ရှိတဲ့အထဲမှာ ဒါရှမ်းတိုင်းရင်းသားအရေအတွက်ပဲဖြစ်ပါတယ်။ ကချင်ပြည်နယ်ထဲမှာတော့ ၃ သိန်းကနေ ၅သိန်းခန့် အထိရှိတယ်လို့သိရှိရပါတယ်။ ကျွန်တော်တို့ လူဦးရေ ၁၅၀၀၀၀ ကျော်ရှိတဲ့ ရှမ်းတိုင်းရင်းသားတွေဟာ ကျွန်တော်တို့ရဲ့ အတိတ်သမိုင်းကိုပြန်ကြည့်ရင် အလွန်ကိုစိတ်မချမ်းဖွယ်ရာရင်နာစရာတွေ ဖြစ်ခဲ့ရပါတယ်။ ကျွန်တော်တို့ တိုင်းနိုင်းရှမ်းများဟာ မြေပြန့်မှာနေထိုင်ပါတယ်။ ရှမ်းပြည်နယ်မှ ရှမ်းများနှင့် စကား၊ စာပေမတူညီကြပါ။ အခြေခံဘာသာစကားတော့ တူညီကြပါတယ်။ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ ကိုးကွယ်မှုတူညီကြပါတယ်။ ပင်လုံစာချုပ်အတွက် ကြိုးပမ်းစဉ်ကာလမှာ ကချင်ပြည်နယ် သတ်မှတ်ရေးအတွက် ကျွန်တော်တို့ တိုင်းလိုင်း(ခေါ်) တိုင်းနိုင်းရှမ်းတိုင်းရင်းသားတွေဟာ အနစ်နာခံပေးခဲ့ပါတယ်။ လမ်းစဉ်ပါတီခေတ်မှာတော့ ပြည်နယ်တစ်ခုတောင်းဆိုလာမှာ စိုးရိမ်မှုရယ်၊ ရှမ်းပြည်နယ်နည်းတူ အခြားအခွင့်အရေးတောင်းဆိုမှာ စိုးရိမ်

တာကြောင့် ဖိနှိပ်ခံခဲ့ကြရပါတယ်။ မိမိတို့နှစ်သစ်ကူးပွဲတော်တောင် ကျင်းပခွင့်မရခဲ့ကြပါဘူး။ ရှမ်းဘာသာစကားကို စာသင်ကျောင်းတွေမှာ ပြောဆိုခွင့်မရခဲ့ကြပါဘူး။ ရှမ်းစာပေသင်ကြားခွင့် မရခဲ့ကြပါဘူး။ ကချင်ပြည်နယ်မှာလည်း ၄င်းဖြစ်စဉ်အတိုင်းဖြစ်ခဲ့ကြောင်း ဒီလွှတ်တော်မှာ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် သိရှိရပါတယ်။ နှစ်ပေါင်း ၅၀ ကျော် တိုင်းလိုင်း (ခေါ်) တိုင်းနိုင်းတွေ စိတ်ဓာတ်မှေးမှိန်အောင် လုပ်ခဲ့တဲ့အတွက် ကျွန်တော်တို့မှာ ခုအချိန်မှာ ရှမ်းစကားပြောတက်တဲ့ မျိုးဆက်သစ်များစွာ လျော့နည်းသွားခဲ့ပါပြီ။ တိုင်းနိုင်းရှမ်းအဖြစ် ရပ်တည်ဖို့ မျိုးဆက်သစ်ကလေးတွေဟာ သိမ်ငယ်စိတ်တွေဝင်လာကြတဲ့အထိ ဖြစ်လာပါတယ်။ အတီးအမှုတ် တူရိယာကွယ်သွားပြီး တိုင်းနိုင်းစာပေဟာ ပျောက်လုခမန်း ဖြစ်သွားခဲ့ပါတယ်။ ရှမ်းလူမျိုးကနေ ဗမာလူမျိုးအဖြစ် သိန်းပေါင်းများစွာပြောင်းလဲသွားပါတယ်။ ကချင်ပြည်နယ်မှာ အများဆုံးဖြစ်ပွားခဲ့တယ်လို့ သိရှိရပါတယ်။ အလွန်ဆိုးဝါးတဲ့ အခြေအနေပဲဖြစ်ပါတယ်။ လူမျိုးစု တစ်စုပျောက်ကွယ်နိုင်တဲ့ အကြောင်းသုံးရပ်မှာ ဘာသာစကားပျောက်ကွယ်ခြင်း၊ စာပေပျောက်ကွယ် ခြင်း၊ ယဉ်ကျေးမှုပျောက်ကွယ်ခြင်းတို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့အခြေအနေဟာ ကျွန်တော်တို့ ရှမ်းတိုင်းရင်းသားတွေအတွက် အခြေအနေသုံးရပ်စလုံး ပေါ်ပေါက်နေပါတယ်။ ဒီအခြေ အနေဟာ ဆယ်စုနှစ်ငါးစုအတွင်းမှာ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒီအတိုင်းသာ ဆက်သွားရင် နောင်ဆယ်စုနှစ်ငါးစုမှာ ကျွန်တော်တို့ တိုင်းနိုင်းမျိုးနွယ်စုတွေဟာ မလွဲမသွေပျောက်ကွယ်သွား တော့မှာဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံပေါ်ပေါက်လာပြီး အခြေခံဥပဒေနှင့် အညီ လွှတ်တော်နှင့်အစိုးရပေါ်ပေါက်လာတဲ့အတွက် တိုင်းနိုင်းရှမ်းရေးရာဝန်ကြီးများ ကချင်ပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး ရရှိလာခဲ့ပါတယ်။ ဒီတိုင်းရင်းသားရေးရာဝန်ကြီးများ ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ခွင့်ပြုထားတဲ့အတိုင်း အပြည့်အဝခံစားရရှိခြင်းမရှိရသေးပါ။ လွှတ်တော်မှာ တိုက်ယူ၊ တောင်းယူနေကြတဲ့အထိ ဖြစ်ပေါ်နေပါသေးတယ်။ ဒါဟာလည်း ကောင်းတဲ့ လက္ခဏာမဟုတ်ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ အတိုချုံးတင်ပြရရင် ပြီးခဲ့တဲ့ နတ်တော်လ ရှမ်းနှစ်သစ်ကူး ပွဲတော်ကြီးကို ကြီးကျယ်ခမ်းနားစွာ လေးရက်တိုင်တိုင် ဟုမ္မလင်းမြို့မှာ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခွင့်ရခဲ့ပါတယ်။ တိုင်းရင်းသားပရိသတ် ညစဉ် ၂၀၀၀၀ ကျော် ၃၀၀၀၀ လောက် မြို့မ ဘောလုံးကွင်းကြီးအပြည့် ဒီပွဲတော်ကြီးကို တက်ရောက်ခဲ့ကြပါတယ်။ ဒီပွဲတော်ကို ရှမ်းတိုင်းရင်းသား ဝန်ကြီးနဲ့ မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီက ဦးဆောင်ကျင်းပခဲ့တာပဲ ဖြစ်ပါတယ်။ ရှမ်းယဉ်ကျေးမှုဖော်ထုတ်နိုင်ဖို့အတွက် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် မြို့များကနေပြီးတော့

မော့ဆွမ်လို့ခေါ်တဲ့ ရှမ်းစာပေယဉ်ကျေးမှုဆရာတွေကို ခေါ်ပြီးသင်ကြားခဲ့ရပါတယ်။ ရှမ်းစာပေကိုလည်း ရှမ်းမျိုးနွယ်စုရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဟာ အမြော်အမြင်ကြီးစွာ စုဝေးကြပြီးတော့ မဟာတူလို့ခေါ်တဲ့ အခြေခံသင်ရိုးကို ဘုံသုံးစာအဖြစ် သတ်မှတ်ရန် သဘောတူဆုံးဖြတ်နိုင်ခဲ့ကြပါတယ်။ ဝတ်စားဆင်ယင်မှုမှာ ယခုအချိန်မှာ ရှမ်းပြည်နယ် ဝတ်စားဆင်ယင်မှုအတိုင်းပဲ မြို့နယ်တွေမှာ ဝတ်ဆင်နေကြပါတယ်။ တိုင်းလိုင်း (ခေါ်) တိုင်းနိုင်းဝတ်စုံကို မဖေါ်ထုတ်မသတ်မှတ်နိုင်တဲ့အခြေအနေအထိ ဖြစ်နေပါတယ်။ ကျွန်တော်ကိုယ်တိုင် လွှတ်တော်ထဲမှာ ကျွန်တော့် တိုင်းနိုင်းဝတ်စုံနဲ့ တက်ရောက်နိုင်ခြင်း မရှိသေးပါ။ ကချင်ပြည်နယ်မှာရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေ၊ ဒီလွှတ်တော်မှာ တက်ရောက်နေကြတဲ့ ကချင်ပြည်နယ်က ရွှေကူမဲဆန္ဒနယ်မှ ကိုယ်စားလှယ်တွေအားလုံးဟာ တိုင်းလိုင်း (ခေါ်) တိုင်းနိုင်းရှမ်းဖြစ်ပေမယ်လို့ ဝတ်စုံပျောက်နေပါတယ်။ နိဂုံးချုပ်အနေနဲ့ ယခုအခြေအနေကို ထောက်ရှုရင်း တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပြဋ္ဌာန်းရေးအဆိုဟာ အလွန်အရေးကြီးလှပါကြောင်းနှင့် နည်းဥပဒေပါ အမြန်ဆုံးပြဋ္ဌာန်းသင့်တယ်ဆိုတာ ထင်ရှားနေပါတယ်။ ဒါမှလည်းပဲ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံး အခွင့်အရေးတန်းတူညီမျှ ဖြစ်ပေါ်လာနိုင်မှာဖြစ်ပြီး ထာဝရစည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုကြီး ရှင်သန်ပေါက်ဖွား ရပ်တည်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကွတ်ခိုင်မဲဆန္ဒနယ် အဆိုရှင် ဦးတီခွန်မြတ်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရှိသီး၊ လေရှီးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခတို့နှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ်မှ မြန်မာနိုင်ငံသား ဦးရှိသီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၁-၇-၂၀၁၂ ရက်နေ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ အစည်းအဝေးမှာ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် အဆိုတင်သွင်းသွားတဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေရေးဆွဲပြဋ္ဌာန်းရေးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စဉ်းစား

ချင့်ချိန်နိုင်ရန်အတွက် တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေအကိုးအကား စာသားမှန်ကန်မှုရှိစေရန်အတွက် ဖတ်ကြားတင်သွင်း ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများပုဒ်မ ၃ မှာ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး ပေါင်းစုံတို့ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သည်။ ပုဒ်မ ၂၁ အပိုဒ်ခွဲ(က)မှာ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်လို့ အတိအလင်းပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန် များအခန်းမှာ နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ ပုဒ်မ ၃၄၅ တွင် (က) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူ။ (ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူဟု အတိအလင်းပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ ပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရရှိပိုင်ခွင့်ပေးရမည်။ ပုဒ် ၃၄၈ တွင် နိုင်ငံတော် သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟူ၍လည်းကောင်း၊ ပုဒ်မ ၃၄၉ တွင် နိုင်ငံသားများသည် အောက်ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသောအခွင့်အလမ်း ရှိရမည်။ (က) ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှု၊ (ခ) အလုပ်လုပ်ကိုင်မှု၊ (ဂ)ကုန်သွယ်ရောင်းဝယ် ဖောက်ကားမှု၊ (ဃ) စီးပွားရေး လုပ်ငန်းလုပ်ကိုင်မှု၊ (င) အတတ်ပညာနှင့်အသက်မွေးဝမ်းကျောင်းမှု၊ (စ) ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များရှာဖွေဖော်ထုတ်မှုစသည်ဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ရပိုင်ခွင့်များ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ပုဒ်မ ၃၅၅ မှာ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမြန်မာ နိုင်ငံအတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်ဟူ၍ လည်းကောင်းပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော်တို့ နာဂကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဟုဆိုသော်လည်းပဲ မိမိတို့နှင့်ဘိုးဘွားစဉ်ဆက် အတူလက်တွဲ နေထိုင်ခဲ့ကြတဲ့ ကူကီးချင်း တိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားများအပေါ် မှာ အနိုင်ကျင့်ခွဲခြား ဆက်ဆံမှုမပြုခြင်း၊ စာပေ၊

ဘာသာရေးအရ ခွဲခြားပုတ်ခတ်ပြောဆိုခြင်းများ လုံးဝမဖြစ်အောင် ဆက်ဆံသွားခြင်းသည် အခြေခံဥပဒေကပေးသော အသိတရားပင်ဖြစ်ပါတယ်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာလည်း ဒီအတိုင်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ တိုင်းရင်းသားလူမျိုးနွယ်စုများအနေနဲ့ အမည်နာမကွဲသရောင်ရှိနေကြသော်လည်း အားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုများဖြစ်သည်ဟူသော ပြည်ထောင်စုစိတ်ဓာတ်က တိုင်းရင်းသားအားလုံးကို ထိန်းထားကြပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၁ မှာ နိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများစုကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်ဟု ပြဋ္ဌာန်းထားသလို ပုဒ်မ ၃၆၂ တွင် နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုပြီးသားဖြစ်ပါတယ်။ ပုဒ်မ ၃၆၃ မှာ နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်ဟု ဘာသာရေးနှင့်ပတ်သက်လို့လည်း အတိအကျအကာအကွယ်ပေးထားပြီးဖြစ်ပါတယ်။ အခြားနိုင်ငံများကဲ့သို့ လူမျိုးရေး၊ ဘာသာရေးကို အကြောင်းပြုပြီး ပဋိပက္ခမဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားမျိုးနွယ်စုကြီးတွေအပါအဝင် ကျွန်တော်တို့လို နာဂ၊ ပအို့ဝ်၊ ပလောင်၊ ဓနု၊ ကိုးကန့်၊ ဝ၊ လားဟူ၊ အခါစတဲ့ တိုင်းရင်းသားမျိုးနွယ်စုငယ်ကလေးများအားလုံးကိုလည်းပဲ အခြေခံဥပဒေက အပြည့်အဝအကာအကွယ် ပေးထားပြီးသား ဖြစ်ပါတယ်။ အဆိုရှင် ဦးတီခွန်မြတ် ရှင်းလင်းသွားတဲ့အထဲမှာ အိန္ဒိယနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားများအတွက် အကာအကွယ်ဥပဒေ ၇၈ ဖြင့် ပြဋ္ဌာန်းကာ ဥပဒေအရေးပေးထားတယ်။ အခွင့်အရေးပေးထားတယ်ဆိုတာက အိန္ဒိယနိုင်ငံမှာရှိတဲ့ နာဂတိုင်းရင်းသားများအနေနဲ့ ၁၉၄၆ ခုနှစ်မှာ ဒေါက်တာဖီဆိုဦးဆောင်ပြီးတော့မှ ဗြိတိသျှအစိုးရဆီမှာ လွတ်လပ်ရေးတောင်းဆိုခဲ့တဲ့အခါမှာ အိန္ဒိယအစိုးရအနေနဲ့ လက်မခံဘဲနဲ့ အိန္ဒိယတစ်နိုင်ငံလုံးအတွက် ၁၉၄၇ မှာ လွတ်လပ်ရေးတောင်းဆိုရယူပြီး နာဂတိုင်းရင်းသားများအတွက် (Freedom of Nagaland) နာဂလိုင်းပြည်နယ် အဖြစ်သတ်မှတ်ပေးပြီးတော့မှ ယနေ့အထိ နာဂလိုင်းပြည်နယ်မှာ၊

အာသံပြည်နယ်မှာ၊ မဏိပူရပြည်နယ်မှာ၊ အာရိုနာဂျာပရီတက်ပြည်နယ်တွေမှာ လူဦးရေ ၄ သန်းကျော်နှင့် သီးခြားဥပဒေပြဋ္ဌာန်းပေးပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ သူတို့နိုင်ငံရဲ့ အခြေအနေနှင့် တိုင်းရင်းသားမျိုးစုံ ရောနှောနေထိုင်လျက်ရှိတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းလမ်းကြောင်း အခြေအနေ ဟာ မတူကြလို့ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထား တာဖြစ်ပြီး နိုင်ငံတော်၏နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက် ရလို့ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း တိုင်းရင်းသားအားလုံးက လိုက်နာနေထိုင်ခြင်းဖြင့် နိုင်ငံတော် တည်တံ့ခိုင်မြဲရေးကို ဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ မှာ နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည် (ခ) တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်း စေရန် ကူညီဆောင်ရွက်မည် (ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသေးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်လို့ တိုင်းရင်းသားအရေးနှင့်ပတ်သက်လို့ အတိ အလင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်သွားခြင်းအားဖြင့် ပြေလည်သွားမယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ တိုင်းရင်းသားအများစုနေထိုင်တဲ့ တောင်ပေါ်ဒေသတွေဟာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ အခြားအခက်အခဲမျိုးစုံတို့ကြောင့် ခေတ်အဆက်ဆက်မှာ နိမ့်ကျပြီးနောက်ကျကျန်ခဲ့လို့ နိုင်ငံတော်အစိုးရက တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအသစ်တစ်ခု ဖွင့်လှစ်ပြီး တိုင်းရင်းသားတို့အရေးကို ဈေးရှုဆောင်ရွက်ပေးနေတာဟာ နိုင်ငံတော်ရဲ့တိုင်းရင်းသား များအပေါ်ထားရှိတဲ့ စေတနာ၊ မေတ္တာအမှန်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အမြင်အနေနဲ့ကတော့ ကျွန်တော်သည် နာဂတိုင်းရင်းသား မြန်မာနိုင်ငံသားလို့ပဲ ခံယူပါတယ်။ ယခု လွှတ်တော်အတွင်းမှာ လည်းပဲ တိုင်းရင်းသားမျိုးစုံ ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များထဲမှာလည်းပဲ တိုင်းရင်းသားမျိုးစုံပါဝင်ကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးသည် မည်သည့်တိုင်းရင်းသား မျိုးနွယ်စုပဲဖြစ်ပါစေ မြန်မာနိုင်ငံသားပဲဆိုတဲ့ခံယူချက် ယုံကြည်ချက်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်

ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ၏ အကာအကွယ်အောက်မှာပဲ အတူတကွလက်တွဲနေထိုင်သွား စေချင်ပါတယ်။ နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအချင်း ချင်းတွေဝေပြီး ဝိဝါဒကွဲစေနိုင်တဲ့ ဆွေးနွေးမှုတွေအစား ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ချိန်မှာ နိုင်ငံတော် သမ္မတကြီးရဲ့လမ်းညွှန်ချက်ဖြစ်တဲ့ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ရမည်။ မတူတာတွေ အသာခဏထားပြီး တူတာလေးတွေနှင့်စပြီး နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် လက်တွဲဆောင်ရွက်ကြဖို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြောတဲ့ အတ္တစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲ၊ ပါတီစွဲမထားဘဲနဲ့ ပွင့်လင်းမြင်သာသော လွှတ်တော်ဖြစ်စေရမည်ဆိုတဲ့ ကတိစကားတို့ကို ရှေးရှုထောက်ထားလျက် မြန်မာနိုင်ငံသားအားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေက အကာအကွယ်ပေး ထားပြီးဖြစ်သဖြင့် သီးခြားတိုင်းရင်းသားမျိုးနွယ်စုအခွင့်အရေးကို ဦးထိပ်မထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဘုံအကျိုးကိုသာ ရှေးရှုဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ် ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၃) ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁ း ၅၅ ။**

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင် ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ၁၁း၅၅ နာရီတွင် ရပ်နားပါသည်။]